
# ကျိန်စာ

## တင်မောင်မြင့်

ဘာသာပြန်သည်



# The Painted Veil

W. Somerset Maugham

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com



# ကျိန်စာ

တင်မောင်မြင့်

ဘာသာပြန်သည်

## The Painted Veil

W. Somerset Maugham

ISBN 978-99971-44-24-9
K0411

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇွန်လ၊ ၂၀၂၀ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက်(၀၀၂၉၀)
အမှတ်-၄၆၊ ၄၆ လမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင်ပုံနှိပ်တိုက်(၀၀၈၃၆)
အမှတ်-၈၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်
တန်ဖိုး - ၄၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK


# ကျိန်စာ

တင်မောင်မြင့်

ဘာသာပြန်သည်

# The Painted Veil

W. Somerset Maugham



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



(William Somerset Maugham)

## မောင်မ်နှင့် သူ၏ ကျိန်စာ

ဆမ္မားဆက်မောင်မ် (၁၈၇၄–၁၉၆၅) ကို အင်္ဂလိပ်လူမျိုး အဖေ အလုပ်လုပ်တဲ့ ပါရီမြို့ ဗြိတိသျှသံရုံးမှာ မွေးဖွားပါတယ်။ ၁၉၃၀ ခုနှစ်တစ်ဝိုက်မှာ သူ့ပြဇာတ်တွေ၊ ဝတ္ထုတွေ လိမ့်ထွက်လာပြီး ကမ္ဘာကျော်စာရင်း ဝင်သွားတယ်။

ကမ္ဘာစစ်ကြီး ဖြစ်လာတော့ ကြက်ခြေနီတပ်ထဲ ဝင်လိုက်တယ်။ စစ်ပြီးတော့ ဗြိတိသျှထောက်လှမ်းရေးထဲ ရောက်သွားပြန်တယ်။ ပထမ ဆွစ်ဇာလန်မှာ၊ နောက် ရုရှားမှာ တာဝန်ကျတယ်။ ၁၉၁၇ ခုနှစ်မှာ ရုရှား ဗော်ရှီဗစ်တော်လှန်ရေး ဖြစ်တော့ သူ မော်စကိုမှာ ရှိနေတယ်။ အဲဒီနောက်ပိုင်းမှာ တပ်ကထွက်ပြီး ပစိဖိတ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေဆီ ခရီးထွက်ရင်း အိန္ဒိယနဲ့ မြန်မာနိုင်ငံကိုပါ ရောက်ခဲ့တယ်။ ဒါကြောင့် သူ့ဝတ္ထုတိုတချို့မှာ မြန်မာနိုင်ငံအကြောင်းလည်း ပါတာ တွေ့ရတယ်။

စစ်ကြီးဖြစ်လာလို့ သူ့ဘဝလမ်းကြောင်း တမျိုးတဖုံ ပြောင်းသွားတယ်။ သူက ဆရာဝန်ဘွဲ့ရပြီးသား။ ဒါပေမဲ့ ချက်ကော့လိုပဲ သူ ဝါသနာပါတာက စာရေးဖို့။ ပြဇာတ်တွေ စရေးတယ်။ စွံတယ်၊ ရောင်းရတယ်၊ စင်တင်ကပြရတယ်။ ၁၈၉၇ ခုနှစ် ပထမဦးဆုံးစာအုပ် **Liza of Lambeth** ထွက်တော့ လပိုင်းအတွင်း ပြတ်သွားတယ်။ အဲဒီတော့မှ နားကြပ်ကို လုံးဝခေါက်ထားလိုက်ပြီး ကလောင်

mgyoe.com

mgyoe.com SAMPLE BOOK

ကိုင်တာ။ ဒီအကြောင်းကို 'ဘဲ ရေထဲ လွှတ်လိုက်သလိုပေါ့ဗျာ' လို့ သူက ပြော တတ်တယ်။

သူပြောတဲ့အတိုင်း စာအုပ်တွေ လိုမ့်ထွက်လာတယ်။ စာအုပ် အတော် များများဟာ ရောင်းအကောင်းဆုံး စာရင်းဝင်တွေချည်းပါပဲ။ ဒါကြောင့် တော်တော် များများ ရုပ်ရှင်ရိုက်ရတယ်။ သူ့စာအုပ်တွေ ကျွန်တော်တို့ ပရိသတ်နဲ့ မစိမ်း ပါဘူး။ ကမ္ဘာကျော် ပေါလ်ဂေါဂင်အကြောင်းကို **The Moon and Six Pence** နာမည်နဲ့ ထွက်ပြီး ဆရာတင့်တယ်က 'လစန္ဒာနဲ့ ခြူးပိုက်ဆံ'၊ **Up at the Villa** ကို ဆရာမောင်ပေါ်ထွန်းက 'ကုန်းမြင့်စံအိမ်'၊ **10 Novels and their Authors, Megician** နဲ့ ဝတ္ထုတိုရှည်ပေါင်းများစွာကိုတော့ ဆရာကျော်အောင်က ဘာသာ ပြန်ခဲ့ကြပါတယ်။ ဆရာမောင်စည်သူက **Liza of Lambeth** ကို ရှုမဝမှာ အခန်းဆက် ပြန်ခဲ့တာ ယခု ရာပြည့်စာအုပ်တိုက်က ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ ကေတီဦးကျော်တင့်ကလည်း 'ပြန်' ခဲ့တာတွေရှိနေသေးတာကို ကျွန်တော် မှတ်မိနေပါတယ်။ (ကျွန်တော် မမှတ်မိတာတွေ အများအပြား ရှိနိုင်ပါတယ်) ။ မောင်မ်ရဲ့ Master Piece ဖြစ်တဲ့ **Of Human Bondage** ကို 'ဘဝအနှောင်' အမည်နဲ့ ကျွန်တော် 'ပြန်' ပြီး ရာပြည့်စာအုပ်တိုက် က ၂၀၁၅ ခုနှစ်မှာ ထွက်ခဲ့ ပါတယ်။ ယခု **The Painted Veil** (ကျိန်စာ) ကို **Goodreads** စာဖတ်ပရိသတ်က မောင်မ်ရဲ့ တတိယအကောင်းဆုံးလို့ ညွှန်ပြပါတယ်။

မောင်မ်ရဲ့ ဒုတိယအကောင်းဆုံးလို့ ဝေဖန်ရေးဆရာတွေ ညွှန်းကြတဲ့ **The Razor's Edge** ကိုလည်း ကျွန်တော် 'ပြန်' နေပါတယ်။ ကုံကော်ဝတ်ရည် ကပဲ ဆက်ထွက်ပါလိမ့်မယ်။

ဆမ္မားဆက်မောင်မ်ကို ကျွန်တော် ခုမှ မျက်စိကျတာ မဟုတ်ပါဘူး။ ဆရာကြီး ရဲ့ **Episode** ဝတ္ထုတိုဟာ ဟိုဘက်ခေတ်က ဥပစာတန်းမှာလား၊ ဝိဇ္ဇာတန်းမှာလား မသိ ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ အဲဒီကတည်းက ကျွန်တော် ကြိုက်လွန်းလို့ 'ပွင့်ဦး' ဆိုတဲ့ နာမည်နဲ့ 'ပြန်' ခဲ့ပါတယ်။ ဇာတ်လမ်းက ကိုစောညိန်းရဲ့ ဘဝဇာတ်လမ်းနဲ့ တူလွန်းလို့ ကျွန်တော် 'ပွင့်ဦး' အမည် ပေးခဲ့တာကို မှတ်မိနေပါသေးတယ်။ (ဆရာ သန်းဆွေရဲ့ ကိုစောညိန်းအတ္ထုပ္ပတ္တိ 'ချစ်တံတျာရှင်' မှာ ဆမ္မားဆက်မောင်မ်ရဲ့ **Episode** ကို ထည့်သွင်း ညွှန်းဆိုထားပါသေးတယ်)

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသူက သူ့ The Painted Veil အတွက် အမှာစာ ရေးခိုင်းတော့ ကျွန်တော် ကလိုင်နဲ့ ခေါက်တာတွေ များနေလို့ ကျွန်တော့်အမှာ နိဂုံးချုပ်ပါ့မယ်။ The Painted Veil အကြောင်း ပြောနေရင် ကိုယ့်ငါးချဉ် ကိုယ် ကြော်ငြာသလို ဖြစ်နေမှာ စိုးတာရယ်၊ Spoiler ဖြစ်သွားမှာ စိုးတာရယ်ကြောင့် ကျွန်တော် ရပ်ပါတော့မယ်။ ဒါပေမဲ့ ဒီဝတ္ထု ရုပ်ရှင်မှာ ဘယ်လောက် အောင်မြင်တယ် ဆိုတာလေးတော့ ထပ်ပြီး လျှာရှည်ပါရစေ။

၁၉၃၄ ခုနှစ်မှာ ရိုက်ခဲ့တဲ့ ဒီရုပ်ရှင်မှာ ကစ်တီအဖြစ် နာမည်ကျော် မင်းသမီး ဂရီတာဂါဘိုက သရုပ်ဆောင်ပြီး ၁၉၅၇ ခုနှစ်ထုတ် ကားကတော့ The Seventh Sin အမည်နဲ့ပါ။ မင်းသမီးက အယ်လီနာပါကား။ ၂၀၀၆ ခုနှစ်က ရိုက်တဲ့ ကားမှာတော့ မင်းသမီး နာအိုမီဝပ်တ်စ်နဲ့ ဖြစ်ပါတယ်။

စာဖတ်သူများ COVID 19 ရန်က ဝေးနိုင်သမျှ ဝေးကြပါစေ။

*တင်မောင်မြင့်*

*၁၄.၅.၂၀၂၀*

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

ကစ်တီ အလန့်တကြား အော်လိုက်တော့ သူက မေးသည်။

"ဘာဖြစ်တာလဲ ဟင်"

အခန်းတံခါးတွေ ပိတ်ထားသဖြင့် မှောင်နေသည့်ကြားမှ အကြောက်လွန်ပြီး သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို ချာလီ တွေ့လိုက်ရသည်။

"ဘယ်သူလဲ မသိဘူး၊ တံခါး လာခေါက်တယ်"

"အမာ* နေမှာပေါ့ကွာ၊ ဒါမှမဟုတ် ကောင်လေး တယောက်ယောက် ဖြစ်မှာပေါ့"

"သူတို့ဘယ်တော့မှ ဒီအချိန် မလာဘူး၊ နေ့ခင်းနေ့လယ် ကစ်တီ အိပ်တတ်တယ် ဆိုတာ သူတို့ သိတယ်"

"ဒါဆို ဘယ်သူ ဖြစ်မလဲ"

"ဝေါ်လ်တာ"

တိုးတိုးလေး ထွက်လာသည့် အသံ။

ကစ်တီ့နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။

သူ့ဖိနပ်ကို လက်ညှိုးထိုးပြတော့ ချာလီ ဖိနပ်စီးဖို့ ကြိုးစားသည်။ သို့သော် အထိတ်တလန့် ဖြစ်နေသော အမျိုးသမီးကို ကြည့်ပြီး သူပါ သွေးပျက်ချင်သလိုလို

---

* Amah – A baby nurse, Wet– nurse၊ ကလေးထိန်း/အိမ်ဖော်။

mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်လာပြီး အယောင်ယောင် အမှားမှား ဖြစ်နေသည်။ နှစ်ယောက်စလုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ကစ်တီက ကူပြီး ဖိနပ်စွပ်ပေးရသည်။ ပြီးမှ ကီမိုနို ပြေးဝတ်ပြီး မှန်တင်ခုံဆီ ပြေးသွားသည်။ ရှုပ်ပွနေသော ဆံပင်တွေ သေသေသပ်သပ် ပြန်ဖြစ်အောင် ကတိုက်ကရိုက် ဖြီးသည်။ ပြီးမှ သူ့ကို ကျန်သည့် ဖိနပ်တဖက် ကြိုးချည်ပေးသည်။ နောက်ဆုံး ကုတ်အင်္ကျီ ပြေးယူတော့ သူက မေးလိုက်သည်။

"ကိုယ် ဘယ်လိုလုပ်ပြီး အပြင်ထွက်မလဲ"

"ခဏလေးနေဦး၊ ကစ်တီ အရင်ထွက်ကြည့်မယ်"

"ဝေါ်လ်တာ မဖြစ်နိုင်ပါဘူးကွာ၊ ဓာတ်ခွဲခန်းက ငါးနာရီ မထိုးမချင်း သူ မပြန်ပါဘူး"

"ဒါဆို ဘယ်သူ ဖြစ်မလဲ"

ပြောရင်း သူတို့လေသံတွေ တိုးသွားသည်။ ကစ်တီ ဆောက်တည်ရာ မရ ဖြစ်နေပြီ။ သည်အတွက် ချာလီ စိတ်မရှည်ချင်တော့။ သည်လိုဖြစ်မယ်မှန်း သိရင် သူ ဘာလို့ ချိန်းလဲ။ သူ့လက်မောင်းကို ကစ်တီ လှမ်းဆွဲလိုက်သည်။ သူ ကြည့်ရာသို့ ချာလီ လိုက်ကြည့်လိုက်သည်။ နှစ်ယောက်စလုံး ဝရန်တာကို ထွက်သည့် ပြတင်းပေါက်ကို စိုက်ကြည့်နေကြသည်။ ပြတင်းပေါက် တရုတ်ကတ်မှန်တွေလည်း ပိတ်ထားသားပဲ။ ဟော... ကြည့်နေရင်း အခန်းတံခါး ကြေးလက်ကိုင်ဖု တဖြည်းဖြည်း လည်လာနေပါလား။ ဝရန်တာမှာ ဖြတ်လျှောက်သွားတဲ့ ခြေသံလည်း မကြားရပါဘူး။

တမိနစ် ကြာသွားသည်။ လုံးဝ တိတ်ဆိတ်နေ၏။ တိတ်ဆိတ်နေပုံက နှလုံး သွေးပျက်ချင်စရာ။ လန့်ပြီး မအော်မိအောင် ကစ်တီ မနည်း သတိထားနေရသည်။ ဒူးတွေ ဆတ်ဆတ်တုန်လျက် သူ့ကို လှမ်းမှီထားလိုက်ရသည်။

သူက မျက်ခုံးတွေ ရှုံ့ပြီး အံကြိတ်လျက် ကစ်တီ့ကို တွဲခေါ်၍ ခုတင်စွန်းတွင် ထိုင်ခိုင်းလိုက်သည်။ သူ့မျက်နှာကလေး သွေးဆုတ်နေပြီ။ ချာလီကိုယ်တိုင်လည်း အလားတူ ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ နှစ်ယောက်စလုံး စကား မပြောနိုင်ကြတော့။ ကစ်တီ ငိုနေပြီ။

သူ စိတ်ပျက်လက်ပျက်နှင့် တိုးတိုးပြောသည်။

"ဟာ...သေတော့မှာပဲ၊ မငိုနဲ့လေကွာ၊ ဘာတတ်နိုင်မှာလဲ၊ ဖြစ်လာမှတော့ မျက်နှာပြောင်တိုက်ပြီး ရှင်းရတော့မှာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK


ကစ်တီက လက်ကိုင်ပဝါ လိုက်စမ်းရင်း–

"ရှင့် ဦးထုပ်ကော"

"အောက်ထပ်မှာ ထားခဲ့တယ်"

"ဟောတော့… ဒုက္ခပါပဲ"

"စိတ်ထိန်းထားစမ်းပါကွာ၊ ဘယ်လိုမှ ဝေါ်လ်တာ မဖြစ်နိုင်ပါဘူး၊ ဒီအချိန်ကြီး သူ ဘာကိစ္စ ပြန်လာမှာလဲ၊ ဘယ်တုန်းက နေ့လယ်ပိုင်း ပြန်လာဖူးလို့လဲ"

"ဟင့်အင်း၊ မလာဖူးပါဘူး"

"အိမ်ဖော်တယောက် ဖြစ်မှာပါကွာ၊ သေချာပါတယ်"

ခုမှ ကစ်တီ ပြုံးမလိုလို ဖြစ်လာသည်။ ချာလီ့အသံက အားပါသည်။ ယုံကြည်မှု အပြည့်နှင့် နှစ်သိမ့်နေခြင်းမျိုး။ သူ့လက်ကလေး တဖက်ကို အသာကိုင်ပြီး ယုယုယယ ဆုပ်နယ်ပေးနေသည်။ ကစ်တီ စိတ်ငြိမ်သွားအောင် သူ အသာစောင့်နေလိုက်သည်။

"ဒီမှာ အကြာကြီး အခန်းအောင်းနေလို့မဖြစ်ဘူး၊ မင်း ဝရန်တာ ထွက်ကြည့်ကြည့်ပါလား"

"ဟင့်အင်း… မသွားရဲဘူး"

"အခန်းထဲမှာ ဘရန်ဒီ မရှိဘူးလား"

ကစ်တီ ခေါင်းယမ်းပြတော့ သူ မျက်ခုံးတွန့်သွားပြန်သည်။ သူလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေပြီ။ ကစ်တီက သူ့လက်ကို တင်းတင်းပြန်ဆုပ်ပြီး–

"သူ အပြင်မှာ စောင့်နေရင် ဘယ့်နှယ်လုပ်မလဲ"

သည်တော့မှ သူ ကြိုးစားပြီး ပြုံးလိုက်သည်။ လုံးဝ စိတ်ချသည့် အသံဖြင့်–

"လုံးဝ မဖြစ်နိုင်ပါဘူးကွာ၊ စိတ်ထိန်းစမ်းပါ ကစ်တီရယ်၊ အောက်မှာ ဦးထုပ် တွေ့လို့ အပေါ်တက်လာပြီး မင်း တံခါးပိတ်ထားတာ တွေ့ရင် သူ ဒေါပွမှာပေါ့ကွ၊ တရုတ် အစေခံတွေက တံခါးကို အဲဒီလို အသာလေး လှည့်တတ်တယ်လေ"

တဖြည်းဖြည်း ကစ်တီ အကြောက်ပြေလာသည်။ အပြင်ဘက်မှ လှုပ်ရှားမှုသည် အိမ်ဖော်ဖြစ်နေသည့်တိုင် စိတ်ပူစရာတွေ ရှိနေသေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"အဲဒီအတွက် မပူပါနဲ့ကွာ၊ အစိုးရအရာရှိ တယောက်အနေနဲ့ အိမ်ဖော်ကို နှုတ်ပိတ်နိုင်ပါတယ်၊ ခြိမ်းခြောက်တဲ့နည်း သုံးသင့် သုံးရတာပေါ့၊ မင်း ကိုယ်တိုင်လည်း ဣန္ဒြေ မပျက်ဖို့ အရေးကြီးတယ်"

သူ ပြောတာ သဘာဝကျပါသည်၊ မတ်တတ်ထပြီး သူ့ဘက်ကို လက်ဆန့်ပေးတော့ သူ့ရင်ခွင်ထဲ ဆွဲသွင်းပြီး နမ်းသည်။ မွတ်မွတ်သိပ်သိပ် အနမ်းတွင်မျောပါသွားပြန်သည်။ သို့သော် ဝေဒနာနှင့် ကြည်နူးရခြင်းမျိုး။ သူ့ကို ရင်နှင့်အမျှချစ်ပါသည်။ သို့သော်လည်း ထိုရင်ထဲတွင် ဝေဒနာ စေတသိက်တို့ အပြည့်အသိပ်။ သူ့ရင်ခွင်ထဲမှ ထွက်ပြီး ပြတင်းပေါက်ဆီ လျှောက်သွားသည်။ တရုတ်ကတ်ကို ဖွင့်ပြီး အပြင်ကို အသာကြည့်လိုက်သည်။ ဘာမျှ မတွေ့။ အပြင်ထွက်ခဲ့ပြီး ယောကျ်ား၏ အဝတ်လဲခန်းထဲကို ဝင်ကြည့်သည်။ ပြီးမှ သူ့ဧည့်ခန်းကို ကြည့်သည်။ ပြီးမှ သူ့ကို လှမ်းခေါ်ပြီး–

"ဘယ်သူမှ မရှိဘူး"

"အေးပါဆို၊ အလကား မင်း စိတ်ချောက်ချားနေတာ"

"မရယ်ပါနဲ့၊ သူများ ကြောက်တာပေါ့၊ သွား... ဧည့်ခန်းထဲမှာ ထိုင်စောင့်၊ ခြေအိတ်စွပ်၊ ဖိနပ်စီးပြီး လာခဲ့မယ်"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

ငါးမိနစ် ကြာတော့ ကစ်တီ ရောက်လာသည်။ သူက စီးကရက် ဖွာနေရင်းက မေးလိုက်သည်။

"ဘရန်ဒီနဲ့ ဆိုဒါ လုပ်ကွာ"

"အင်း... ရမယ်လေ၊ ခေါ်လိုက်မယ်"

ခလုတ်နှိပ်တော့ အိမ်စေကောင်လေး ဖုန်းကိုင်သည့်အခါ ယမကာ လှမ်းမှာလိုက်သည်။

"ဓာတ်ခွဲခန်းကို လှမ်းဆက်ကြည့်ပါလား၊ ဝေါ်လ်တာ ရှိလားလို့၊ သူ့အသံကို ဟိုက မမှတ်မိလောက်ပါဘူး"

သူက နံပါတ်မေးပြီး ဖုန်းကောက်လှည့်သည်။ ဒေါက်တာဖိန်း ရှိလား မေးသည်။

"နေ့လယ်စာ စားချိန်ကတည်းက ထွက်သွားတာ ခုထိ ပြန်မရောက်သေးဘူး တဲ့"

သူက ဖုန်းချပြီး-

"သူ ဒီရောက်လာသလား၊ ချာတိတ် တယောက်ယောက်ကို မင်း မေးကြည့်ပါလား"

"အို... ဘယ်ဖြစ်မလဲ၊ သူ လာလို့ ကစ်တီနဲ့ မတွေ့ဘူးဆိုရင် ရယ်စရာကြီး ဖြစ်နေမှာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

ယမကာဗန်းနှင့်ချာတိတ်ရောက်လာတော့ ချာလီတောင်းဆင်းက ကိုယ်တိုင် ငှဲ့သည်။ သူ့ကို တခွက် ကမ်းပေးတော့ ကစ်တီက ငြင်းလိုက်သည်။

"ဝေါ်လ်တာ သိသွားရင် ဘယ့်နှယ်လုပ်ကြမလဲ"

ကစ်တီက မေးလိုက်သည်။

"သူ ပြဿနာလုပ်မယ် မထင်ပါဘူး"

"ဝေါ်လ်တာလား"

ကစ်တီ့လေသံက မယုံမရဲ။

"ကိုယ်တော့ သူ သိပ်အရေးထားမယ် မထင်ပါဘူး၊ ပြဿနာလုပ်ရင် ဘာမှ အကျိုးမရှိဘူး ဆိုတာ သူ သိမှာပါ၊ ဝေါ်လ်တာ ရောက်လာတယ်လို့လည်း ကိုယ် မယုံဘူး"

ကစ်တီ ခဏတွေ စဉ်းစားသည်။

"သူက ကစ်တီ့ကို သိပ်ချစ်တာ"

"အဲဒါ ကောင်းတာပေါ့၊ လှည့်လို့ ရတာပေါ့"

သူက ကစ်တီ့ကို ပြုံးပြီး ပြောလိုက်ခြင်း ဖြစ်သည်။ သိပ်ချစ်ဖို့ ကောင်းသည့် အပြုံးမျိုး။ ရင်ထဲ နွေးသွားပြီး မနေတတ် မထိုင်တတ် ဖြစ်သွားစေသည့် အပြုံးမျိုး။ လှပသည့် ထိုအပြုံးနှင့် အပြိုင် သူ့မျက်လုံးပြာတွေက အရောင်လဲ့နေ သည်။ သွားဖွေးဖွေးကလေးများ ပေါ်လာနေသည်။ အို... မနေတတ်တော့ဘူး ကွယ်။

"ပြဿနာဖြစ်လည်း သိပ်ဂရုမစိုက်တော့ပါဘူး၊ ဖြစ်မယ်ဆိုလည်း ဖြစ် လောက်တာကိုး"

ဟု နှုတ်မှ ထွက်သွားသည်။

ကစ်တီ့မျက်လုံးတွေ အရောင်တဖျပ်ဖျပ် လက်နေသည်။

"ကိုယ့်အပြစ်ပါကွာ"

"ဘာပြုလို့ ရောက်ချလာတာလဲ ဟင်၊ ဖြုန်းခနဲ တွေ့လိုက်ရတော့ အရမ်း အံ့သြသွားတယ်"

ကစ်တီက ကြည်နူးစွာ မေးလိုက်သည်။

"မထိန်းနိုင်တော့လို့ပေါ့ကွယ်"

"အို... ဒါလင်ရယ်..."

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြီး သူ့ကို မသိမသာ မှိန့်လိုက်သည်။ မျက်ဝန်းနက်များက မျက်လုံးပြာ အစုံကို မွတ်သိပ်စွာ မော်ကြည့်နေသည်။ သူ့ရင်ခွင်ထဲ ရောက်သွားပြန်သည်။ သူက ပွေ့ယူလိုက်တာလား၊ ကိုယ်က ပျော့ခွေကျသွားသည်လား မပြောတတ်တော့။ ရင်တသိမ့်သိမ့် ခုန်လျက် စိတ်ကို လျှော့ချထားလိုက်တော့သည်။

သူက မေးသည်။

"မင်းဘက်မှာ ကိုယ် အမြဲရှိပါတယ် ကစ်တီရယ်"

"သူနဲ့ဆို သိပ်သိပ်ပျော်တာပဲ၊ သူ့ကိုလည်း ပျော်စေချင်ပါတယ်ကွယ်"

"နောက် ကိုယ့်ကို အထိတ်တလန့် ဖြစ်အောင် မလုပ်နဲ့တော့နော်"

ကစ်တီက တိုးတိုးပြန်ပြောသည်။

"ကစ်တီ သူ့ကို မုန်းနေပြီ၊ ဝေါလ်တာ့ကို ပြောတာ"

သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်နှင့် ကစ်တီ့မျက်နှာ နွေးနွေးကလေးကို နမ်းလိုက်သည်။ နုနုထွေးထွေး မျက်နှာကလေး နွေးရာမှ ပူလာသည်။

သို့သော် သူက ရှေ့ဆက်မတိုးဘဲ ကစ်တီ့လက်ကို ဆွဲယူပြီး နာရီကြည့်လိုက်သည်။

"ကိုယ် ဘာလုပ်ရမလဲ သိလား"

ကစ်တီက ပြုံးပြီး-

"သိပါတယ်၊ ပြန်ပြေးတော့မယ် မဟုတ်လား"

သူက ခေါင်းညိတ်ပြသည်။ ကစ်တီက သူ့ကို အားရပါးရ ဖက်လိုက်ပြီးမှ ပြန်လွှတ်ပေးလိုက်သည်။

"သွား၊ သွား၊ အလုပ်ထဲက လစ်လာရတာ၊ ရှက်စရာကြီး"

"ပြန်သွားဖို့ လွယ်တယ်မှတ်လား"

"ဒီကကော ပြန်လွှတ်ပေးရတာ လွယ်တယ်မှတ်လား"

သူ တိုးတိုးလေး ပြန်ပြောလိုက်သည်။ လေးလေးနက်နက် အသံကလေးကြောင့် ချာလီ သဘောခွေ့သွားပြီး ရယ်လိုက်သည်။

"ထူးဆန်းတဲ့ဧည့်သည်အကြောင်း တွေးပြီး စိတ်ထဲ စနိုးစနောင့်ဖြစ်မနေနဲ့နော်၊ အိမ်ဖော်တယောက်ယောက် ဖြစ်မှာ"

"သူ့ ကြည့်ရတာ အတွေ့အကြုံ အများကြီး ရှိပုံပဲ… ဟုတ်လား ဟင်"

သူက ကျေနပ်သွားသလို ပြုံးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ရပါဘူးကွာ၊ သူလို ကိုယ်လိုပါပဲ၊ မင်းနဲ့ကျမှ... ဒါပေမဲ့ မင်းပြောလို့ ဘဝင်မြင့်ချင်သလိုလို ဖြစ်သွားပြီ"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

သူ ပြန်သွားတော့ ဝရန်တာမှ ထွက်ကြည့်နေမိသည်။ လက်ပြနှုတ်ဆက်တော့ ရင်ထဲမှာ လှိုင်းထသွားပြန်၏။ သူ လေးဆယ့်တစ်နှစ် ပြည့်ပြီ။ သို့သော် သူ့ ကိုယ်နေဟန်က လူငယ်ကလေးတယောက် အတိုင်းပင်။

ဝရန်တာက အရိပ်ရသည်။ ပျင်းတိပျင်းတွဲ ငေးနေရင်း ရင်ထဲမှာ ကြည်နူးကျေနပ်မှု အပြည့်ဖြင့် ဝရန်တာတွင် ဟိုလျှောက် သည်လျှောက် လမ်းသလားနေသည်။ သူတို့အိမ်က တောင်ခြေမှ ပျော်ရွှင်မှုတောင်ကြားတွင် တည်ရှိသည်။ သည့်ထက် မြင့်သည့် တောင်ပေါ်မှ အိမ်များကို သူတို့ မတတ်နိုင်။ ဈေးများလွန်းသည်။ ရေပြာပြာ ပင်လယ်ကွေ့ထဲမှ လှေသင်္ဘောဆီကို သူ ငေးနေသည်။ ထို့နောက် ဘာမှ မမြင်။ သူ့အာရုံတွင် ချစ်သူမျက်နှာသည်သာ ထင်ဟပ်လျက် ရှိသည်။

ထိုနေ့ နေ့လယ်က သူတို့နှစ်ယောက် ကဲခဲ့ကြသည်က မိုက်မဲရာကျသည်။ အတင့်ရဲလွန်းသည်။ သို့သော် သူ လိုချင်နေမှတော့ မည်သို့ ရှောင်ထွက်နိုင်ပါမည်လဲ။ သည်လောက် ပူပူလောင်လောင် နေပူကျဲကျဲ နေ့လယ်စာ စားပြီးချိန်တွင် သူ နှစ်ခါ၊ သုံးခါ ရောက်လာပြီးပြီ။ ဘယ်သူမှ အပြင် မထွက်ချင်သည့်အချိန်။ ဟောင်ကောင်ရာသီဥတုက သည်းမခံနိုင်လောက်အောင် ပူပြင်းလှသည်။ ဟောင်ကောင်ကို ကစ်တီ မုန်းပါသည်။ နောက်ပိုင်း သူတို့နှစ်ယောက် ချိန်းတွေ့သည့် အိမ်ကလေးကိုလည်း မုန်းသည်။ ရှေးဟောင်းပစ္စည်း ရောင်းသည့် စုတ်စုတ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြတ်ပြတ် ဆိုင်ကလေး။ ရောက်သွားလျှင် ထိုင်နေသည့် တရုတ်ကြီးက ပြုံးပြတတ်သည်။ မထီလေးစား အပြုံးမျိုး။

အဘိုးကြီးက ခပ်မှောင်မှောင် လှေကားမှ အပေါ်ထပ်သို့ ပို့ပေးတတ်သည်။ ညစ်ပတ်နံစော်နေသည့် အခန်းမျိုး။ နံရံဘက်တွင် ကပ်ထားသည့် ရောမသစ်သားခုတင်ကြီးကို ကြည့်ပြီး ကျောထဲ စိမ့်သွားသည်။

"စိတ်ပျက်ဖို့ ကောင်းလိုက်တာ၊ ဒါလောက် ညစ်ပတ်တဲ့ နေရာ"

ပထမဆုံး ဆုံသည့်နေ့က ချာလီ့ကို ကစ်တီ ပြောလိုက်သည်။

သူက ခပ်အေးအေး ပြန်ပြောသည်။

"အစမို့ပါကွာ၊ လာ..." ဆိုတော့လည်း သူ့ရင်ခွင်ထဲ ရောက်သွားပြီး ပတ်ဝန်းကျင်ကို မေ့သွားကာ အရာရာသည် နှလုံးမွှေ့လျော် ပျော်ဖွယ်ရာအတိ ဖြစ်နေပြန်သည်။

အင်း... မလွတ်မလပ်ဘဝ။ မုန်းစရာ ကောင်းလှပါကလား။

သူတို့နှစ်ယောက်စလုံး အိမ်ထောင်သည်တွေ ဖြစ်သည်။ သူ့မိန်းမကို ကစ်တီက ကြည့်လို့ မရ။ ဒေါ်ရသီတောင်းဆင်းအပေါ် ကစ်တီ၏ တဒင်္ဂအမြင် ဖြစ်သည်။ အမျိုးသမီး အသက်က အနည်းဆုံး သုံးဆယ့်ရှစ်နှစ်လောက် ရှိပြီ။ သို့သော် ချာလီက ဘယ်တော့မှ သူ့ အကြောင်း မပြော။ မိန်းမကို ငြီးငွေ့နေတာ တော့ သေချာသည်။ သို့သော် သူက လူကြီးလူကောင်း တယောက်။

ကစ်တီက ပြုံးလိုက်သည်။ ချစ်စနိုးပြုံးသည့် အပြုံး။ သူ့မိန်းမအပေါ် သူ သစ္စာဖောက်နေပြီ ဖြစ်သည်။ သို့သော် ချီးချီးနှိမ်နှိမ်တော့ တခွန်းတပါဒမျှ မပြော။

အမျိုးသမီးက အရပ်မြင့်မြင့်။ ကစ်တီ့ထက် မြင့်သည်။ မဆူလွန်း မကြုံလွန်း။ ဆံပင် အညိုရောင် ဖွော့ဖွော့။ ငယ်ဂုဏ်မှအပ လှသည်ဟု မဆိုနိုင်သော ရွှက်ကြမ်းရေကျို ရုပ်ရည်မျိုး။ မျက်လုံးပြာတွေက အေးစက်စက်။ အသားရောင် မလှ။ ပါးပြင်တွင် အရောင်အဆင်း မရှိ။ အဝတ်အစားကိုတော့ ဟောင်ကောင် ကိုလိုနီရဲ့ လက်ထောက်အတွင်းဝန် လင်တော်မောင်၏ ဂုဏ်သိန်နှင့် လိုက်လျော ညီထွေရှိအောင် ဆင်ယင်တတ်သည်။ ကစ်တီက ပြုံးပြီး ပခုံးကလေး အသာတွန့် လိုက်သည်။

သို့သော် ဒေါ်ရသီတောင်းဆင်း အသံကောင်းသည်ကိုတော့ ဘယ်သူမှ

mgyoe.com

mgyoe.com

မငြင်းနိုင်။ ပြီးတော့ သားသမီးများအပေါ် မိခင်ကောင်းတယောက် ဖြစ်သည်။ သည်အကြောင်းကိုတော့ ချာလီတောင်းဆင်းက ဂုဏ်ယူတတ်သည်။ ကစ်တို့အမေနှင့် တွေ့လျှင် မင်းကတော်ဟု တလေးတစား ခေါ်လိမ့်မည်။ သို့သော် ကစ်တီကတော့ သဘောမကျ။ လက်ဖက်ရည်ပွဲများ၊ ပါတီပွဲများတွင် ဆုံသည့်အခါ ဆက်ဆံရေးမှာ ယဉ်ကျေးလွန်းပြီး အလေးအနက် မဟုတ်ကြောင်း သိသာနေသည်။ သူ့ကလေးတွေ ကိစ္စမှ လွဲပြီး ဘာမှ စိတ်မဝင်စားသည့် အမျိုးသမီး ဖြစ်သည်။ ယောက်ျားလေး နှစ်ယောက်ကို အင်္ဂလန်တွင် ကျောင်းထားသည်။ ခြောက်နှစ်သားကလေးကိုလည်း နောက်နှစ်တွင် ပြန်ပို့မည် တဲ့။ သူ့မျက်နှာက အမြဲတမ်း တခုခုကို ဖုံးကွယ်ထားမှန်း သိသာသည်။ ယဉ်ကျေး ဖော်ရွေစွာ ပြုံးသည်။ နှုတ်ချိုသည်။ သို့သော် ဘယ်သူနှင့်မျှ တရင်းတနှီး မရှိ။ အားလုံးနှင့် ခပ်ဝေးဝေးနေသည်။

တရုတ်ပြည်တွင် သူနှင့် ရင်းနှီးသူ အနည်းငယ်သာ ရှိသည်။ ကစ်တို့စိတ်ထဲတွင် မစ္စက်တောင်းဆင်းက သူ့ကို အောက်တန်းစားတယောက်လို ဆက်ဆံသည်ဟု ထင်နေသည်။ ဒီလို စဉ်းစားမိတော့ မျက်နှာတွေ ပူထူသွားသည်။ သူ့ကို ကစ်တို့အနေဖြင့် ဘာမျှ မော်ကြည့် ဆက်ဆံစရာမလို။ တချိန်က သူ့အဖေ ဘုရင်ခံတယောက် ဖြစ်ခဲ့လို့ အားလုံး ဦးညွတ် ဆက်ဆံခဲ့ကြသည်။ ဖြတ်သွား ဖြတ်လာထဲမှပင် ဦးထုပ်ချွတ်ကြရသည်။ ခုတော့ ပင်စင်ယူသွားပြီ။ ပင်စင်ယူပြီး နောက်ပိုင်းတွင် နာမည်သာ ကျန်တော့သည်။ အိမ်ကလေး တလုံးတွင် ပင်စင်စားဘဝဖြင့် ခပ်ကုပ်ကုပ်သာ နေရတော့သည်။ ကစ်တို့အမေက သည်ဘဝမျိုး ရောက်မှာ တွေးပြီး အထိတ်တလန့် ဖြစ်နေသည်။ ကစ်တို့အဖေ ဘားနဒ်ဂါစတင်က နန်းတွင်း တရားရေး အမတ်ချုပ်။ တရားသူကြီးဖြစ်ဖို့ အလားအလာရှိသူ။ မည်သို့ဖြစ်စေ လန်ဒန်မြို့ 'ကင်စင်တန်' တောင်ပိုင်း ဘာမင်ဂန် နန်းတော်တပိုက်တွင်တော့ သူတို့ နေနိုင်ကြသည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၄ )

အိမ်ထောင်ကျပြီး ကစ်တီ ဟောင်ကောင် ရောက်လာတော့ ယောကျ်ား၏ အဆင့်အတန်းနှင့် အထက်တန်းလွှာထဲကို ဝင်ရသည်မှာ သိပ်မလွယ်ကြောင်း တွေ့လာရသည်။ လူမှုရေးအရ အသိုင်းအဝိုင်းက သူတို့လင်မယားကို ခင်မင် ကြင်နာကြပါ၏။ နှစ်လ၊ သုံးလအတွင်း လက်ဖက်ရည်ပွဲတွေ၊ ဒင်နာပါတီတွေကို ဖိတ်ကြပါ၏။ အိမ်တော် ညစာစားပွဲများကို တက်ရသည်။ ဘုရင်ခံကိုယ်တိုင် ခင်ခင်မင်မင် ဆက်ဆံသည်။ သို့သော် ဆရာဝန်တယောက် အဆင့်နှင့် သည်လိုနေရာမျိုးတွင် မတိုးနိုင်ကြောင်း တွေ့လာရသည်။ သည်အတွက် ကစ်တီ မကျေမနပ် ဖြစ်လာသည်။

ယောကျ်ားကို ထုတ်ပြောလိုက်မိသည်။

"လုံးဝ အဓိပ္ပာယ် မရှိဘူး၊ ဒီက လူတွေ အချိုးမျိုးနဲ့၊ ငါးမိနစ်လောက်ကလေး အိမ်ရှေ့မှာ ဧည့်ခံရတာကို ရေးကြီးခွင့်ကျယ် လုပ်နေကြတယ်၊ အမေသာဆိုရင် ဒီအချိုးမျိုးတွေ ဘယ်သူ့မှ အိမ်ထမင်းစားဖိတ်မှာ မဟုတ်ဘူး"

"အဲဒါအတွက် မပူပါနဲ့ကွာ၊ ပြဿနာ မဟုတ်ပါဘူး"

ယောကျ်ားက ဖြေပြောသည်။

"ဟုတ်ပါတယ်၊ ပြဿနာတော့ မဟုတ်ပါဘူး၊ သူတို့တွေ မပြည့်တာကို ပြောတာပါ၊ ဒီအချိုးမျိုးတွေနဲ့ လန်ဒန်အိမ်မှာဆို ဖိတ်ဖို့ ဝေးပါသေးတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


သူက ပြုံးပြီး ပြန်ပြောသည်။

"လူမှုဆက်ဆံရေးပိုင်းမှာတော့ ဓာတ်ခွဲခန်းထဲမှာ ပိုးမွှားတွေနဲ့ နေရတဲ့ ဆရာဝန်တယောက်ဟာ သိပ်အရေးမပါဘူးပေါ့ကွာ"

ခုတော့ ကစ်တီ သဘောပေါက်ပါပြီ။ သို့သော် သူ့ကို လက်ထပ်စဉ်တုန်းက သည်လို မထင်ခဲ့။

"ဟိုသဘော်ကုမ္ပဏီကြီးက ညစာစားပွဲ ဖိတ်တုန်းက စိတ်ပျက်စရာကြီး နော်"

ကစ်တီက ရယ်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ သည်လိုပွဲကြီးမျိုးကို မကြိုက်သည့် အလား။

သို့သော် ယောကျ်ားလုပ်သူက မိန်းမ ဘယ်လောက် အောင့်သက်သက် ဖြစ်နေသည်ကို ရိပ်မိသည်။ သူ့လက်ကလေးကို မရွံ့မရဲ ဆွဲယူလိုက်ပြီး–

"မိန်းမရယ်၊ ကိုယ် စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ စိတ်မပျက်ပါနဲ့ကွာ၊ နော်"

"အို... ရပါတယ်၊ ဒါပေမဲ့ ဒါမျိုးတော့ မကြိုက်ဘူးနော်"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၅ )

စောစောက ရောက်လာတာ ဝေါလ်တာ မဖြစ်နိုင်။ အစေခံတယောက်ယောက်ပဲ ဖြစ်ရမည်။ ပြဿနာ မရှိနိုင်။ တရုတ်အိမ်စေတွေက နှုတ်လုံသည်။

ဒါပေမဲ့ တံခါးလက်ကိုင်ဖုကြီး လည်နေတာ ပြန်မြင်ယောင်လာပြီး ရင်တွေ တုန်လာသည်၊ ဒီလိုမျိုး မစွန့်စားသင့်။ ဟိုဆိုင်ကလေး အပေါ်ထပ်ပဲ စိတ်ချရသည်။ ဆိုင်ရှင် တရုတ်ကြီးက ချာလီ့ကို သိသည်။ လက်ထောက်အတွင်းဝန် တယောက်ကို ဟောင်ကောင် တရုတ်တယောက် မလေးမခန့် မလုပ်ရဲ။ ခုတော့ ဘာပဲဖြစ်ဖြစ် ကစ်တီ ဂရုမစိုက်တော့ပြီ။ ချာလီ သူ့ကို ချစ်နေပြီ မဟုတ်လား။

ဝရန်တာမှ ပြန်လှည့်လာကာ သူ့အခန်းထဲက ဆိုဖာပေါ် ပစ်ထိုင်ချလိုက်ပြီး စီးကရက် လှမ်းယူလိုက်သည်။ သည်တော့မှ စာအုပ်ပေါ်က စာရွက်ကလေးကို မြင်လိုက်ခြင်း ဖြစ်သည်။ ဖွင့်ကြည့်တော့ ခဲတံနှင့် ရေးထားသည့် စာရွက်ကလေး-

*ချစ်တဲ့ ကစ်တီ*

*ဒီမှာ မင်း ဖတ်ချင်တဲ့ စာအုပ်။ ငါ လာပို့မယ့်ဆဲဆဲ ဒေါက်တာဖိန်းနဲ့ တွေ့လို့ သူနဲ့ ထည့်ပေးလိုက်တယ်။ သူ အိမ်ရှေ့က ဖြတ်သွားတာနဲ့ အတော် ဖြစ်သွားတယ်။*

*ဗွီ၊ အိတ်ချ်*

mgyoe.com

mgyoe.com
SAMPLE BOOK


ခလုတ်နှိပ်ပြီး အိမ်စေကောင်လေးကို ခေါ်လိုက်သည်။ စာအုပ် ဘယ်သူ ယူလာသလဲ မေးလိုက်တော့–

"ဆရာ ယူလာတာပါ၊ အစ်မ နေ့လယ်စာ စားပြီးချိန်လောက်က"

ဒါဆို ဝေါ်လ်တာပေါ့။ လက်ထောက်အတွင်းဝန်ရုံးခန်းကို ချက်ချင်း ကောက်ဆက်ပြီး ချာလီ့ကို မေးသည်။ သူ ဖုန်းကိုင်တော့ အကျိုးအကြောင်း ပြောပြသည့်အခါ သူ ခဏငြိမ်သွားသည်။

"ကစ်တီ ဘာလုပ်ရမလဲ ဟင်" ဟု မေးတော့ –

"ကိုယ် အစည်းအဝေးခန်းထဲမှာ၊ ခုပြောဖို့ အချိန်မရှိဘူး၊ ကိုယ် ပြောမယ်၊ ဣန္ဒြေမပျက် နေ"

ကစ်တီ နားလည်ပါသည်။ သူ အလုပ်ရှုပ်နေသည်။ ဘေးတွင် လူတွေ ရှိနေသည်။ ဖုန်းချပစ်လိုက်၏။

စားပွဲတွင် ဆက်ထိုင်နေသည်။ လက်နှစ်ဖက် ထောက်ပြီး မျက်နှာ တင်ထားလိုက်သည်။ အခြေအနေကို ပြန်စဉ်းစားသည်။ သူ အိပ်နေပြီဟု ဝေါ်လ်တာ ထင်သွားလိမ့်မည်။ တံခါးပိတ်အိပ်တာ အပြစ်လား။

သူတို့နှစ်ယောက် စကားကျယ်ကျယ်ပြောနေကြသလား။ သေချာတယ်။ မပြောဘူး။ ဦးထုပ်က ပြဿနာ။ ဒါတော့ ချာလီ နမော်နမဲ့ နိုင်လွန်းသည်။ ခုမှ အပြစ်တင်နေလို့ အကြောင်းထူးတော့မည် မဟုတ်။ ဝေါ်လ်တာ မတွေ့ဘဲနေမည် မဟုတ်။ အလောတကြီးနဲ့ စာအုပ်ထားပြီး ပြန်သွားရင်တော့ မြင်ချင်မှ မြင်မည်။

ထူးဆန်းသည်မှာ တံခါးခေါက် မကြည့်ခြင်း ဖြစ်သည်။ အိပ်ပျော်နေသည် အထင်ဖြင့် မနှောင့်ယှက်ခြင်းလည်း ဖြစ်နိုင်သည်။ ငါကိုယ်တိုင်က မကောင်းတာပါလေ။

ကျောထဲ စိမ့်သွားပြန်သည်။ ရင်ထဲ နာကျင်သွားသည်။ သို့သော် ချုံမြိန်သော နာကျင်မှုမျိုး။ ချာလီ့အကြောင်း စဉ်းစားမိလျှင် သည်လိုဖြစ်ရသည်ချည်း။

ဝေါ်လ်တာ မခံနိုင်လို့ ကန်ထုတ်ချင် ထုတ်ပါစေ၊ ချာလီ ရှိနေပြီပဲ ဘာမှုစရာ လိုသလဲ။ အဲဒီလိုဖြစ်လာရင် ပိုတောင် ကောင်းသေးတယ်။ ချာလီတောင်းဆင်းကို ချစ်မိကတည်းက ဝေါ်လ်တာကို ဂရုမစိုက်ချင်တော့။ သူ့အယုအယ အထွေးအဖက်

mgyoe.com

mgyoe.com
SAMPLE BOOK


တို့တွင်လည်းကြည်နူးရမှန်းမသိတော့။ တနေ့တခြားသူ့ကို စိတ်ကုန်လာသည်။ ဖြစ်နိုင်လျှင် သူနှင့် မပတ်သက်ချင်တော့။

သူ့ဘက်က စွပ်စွဲချင်လျှင် ဘာ အထောက်အထားမျှ ရှိမည် မဟုတ်။ ငြင်းလိုက်မည်ပေါ့။ ဒါပေမဲ့ သူ ကြိုက်တာ လုပ်ပါစေလေ။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၆ )

လက်ထပ်ပြီး သုံးလပြည့်သည့် အခါတွင်မှ ကစ်တီ မှားမှန်း သိလာခဲ့သည်။ ဒါပေမဲ့ သူ့အပြစ် မဟုတ်။ အမေ့ကြောင့် သူ့ကို ယူဖြစ်ခဲ့မိတာ မဟုတ်လား။

အခန်းထဲမှ အမေ့ဓာတ်ပုံကို ကစ်တီ လှမ်းကြည့်လိုက်သည်။ ဘာကြောင့် အမေ့ပုံ ယူလာခဲ့မိမှန်း မသိ။ ကစ်တီက အမေ့ကို မချစ်ခဲ့ပေ။ အောက်ထပ်က စန္ဒရားပေါ်တွင် အဖေ့ဓာတ်ပုံလည်း ရှိသည်။ တရားသူကြီးများ ဆောင်းသည့် ဆံပင်တု နှင့် ဝတ်ရုံနှင့်။ ရာထူး အပ်နှင်းစဉ်ကပုံ ဖြစ်သည်။ သည်လို အခြေအနေ သည်လို အချိန်မှာပင် အဖေသည် ထည်ထည်ဝါဝါ နေတတ်သူမဟုတ်။ လူက ပိန်ပိန်သေးသေး။ မျက်လုံးတွေက အမြဲတမ်း ပင်ပန်းနွမ်းနယ်နေပုံ။ ဓာတ်ပုံရိုက်လျှင် ပြုံးဖို့ မနည်း ပြောရသည်။ သို့သော် အမြဲတမ်း မျက်မှောင် ကြုတ်ထားတတ်သည်။ စိတ်ဓာတ် ကျနေသည့် ပုံစံ။ ဒါကို အမေက တရားသူကြီးဟန်ဟု ယူဆသည်။

အမေကတော့ ဘုရင့်တရားရုံးတော် အခမ်းအနားများသို့ အဖေနှင့် လိုက်သွားလျှင် လှလှပပ အခံ့အညား ဝတ်စားဆင်ယင် သွားတတ်သည်။ ကတ္တီပါ ဝတ်ရုံရှည်ကြီးနှင့် ခေါင်းပေါ်တွင် ဆံပင်ကို ခေတ်အမီဆုံး ထုံးဖွဲ့ကာ လက်ထဲ တွင်ပန်းစည်းကိုကိုင်လျက် ကိုယ်ကိုမတ်မတ်ထားပြီးလမ်းလျှောက်တတ်သည်။ နှာတံပေါ်ပေါ်၊ ပါးရိုးမြင့်မြင့်နှင့် ဖြစ်သည်။ အမေ့ဆံပင်တွေက နက်မှောင်ပြီး နူးညံ့ သည်။ အမေ့မျက်နှာတွင် အထူးခြားဆုံးမှာ မထုံတက်သေး မျက်လုံးများ ဖြစ်သည်။

mgyoe.com

mgyoe.com


ပြီးတော့ အကြည့်က စူးရှပြီး စပ်စုတတ်သည့် မျက်လုံးများ။ ပြီးတော့ အမေ့အကျင့်က ရင်ထဲမှာ ရှိသည့်အတိုင်း ဘယ်တော့မှ နှုတ်က ထွက်မလာခြင်း ဖြစ်သည်။ သူ့မျက်လုံးတွေက တယောက်ဆီမှနောက်တယောက်ဆီသို့အမြဲပြောင်းနေတတ်သည်။ လူတွေကို ဝေဖန်ဖို့ ကြည့်နေသည့် မျက်လုံးမျိုးတွေ။ ပြီးတော့ စကားပြောသည့်အခါ အကြောင်းအရာ တခုနှင့်တခု အဆက်အစပ် မရှိ ဖြစ်နေတတ်သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၇ )

မစ္စက်ဂါစတင်သည် တင်းမာစွာ စိမ်ခန့်ခွဲတတ်သည်။ ရည်ရွယ်ချက် ကြီးသည်။ ကပ်စေးနှဲသည်။ အဆင်အခြင် နည်းသည်။ တရားရုံးရှေ့နေတဦး၏ သမီး ငါးယောက်ထဲမှ တယောက် ဖြစ်သည်။ နယူးဇီလန်တွင် ဘားနဒ်ဂါစတင် တာဝန်ကျစဉ် အမေနှင့်တွေ့ခြင်း ဖြစ်သည်။ ဘားနဒ်မှာ အလွန်အလားအလာ ရှိသည့်လူငယ်တယောက်ဟု အဘိုးက ထင်သည်။ သို့သော် သူ ထင်သလို ဖြစ်မလာခဲ့ပေ။ ကြိုးစားသော်လည်း မအောင်မြင်။ မစ္စက်ဂါစတင်ကတော့ လက်ကြောမတင်းဟု ထင်သည်။ ယောကျ်ားကို ဘယ်တော့မှ အထင်မကြီး။ သို့သော် ယောကျ်ားကို မှီပြီးမှ ရှေ့တက်နိုင်မည် ဆိုသည်ကိုတော့ သဘောပေါက်သည်။ စေလိုရာ စေသည်။ နားပူနားဆာလုပ်သည်။ ယောကျ်ားကိုသာ မဟုတ်။ အသုံးချလို့ရသည့် လူမှန်သမျှ အသုံးချသည်။ အသုံးချလို့ရမည့် ယောကျ်ား၏ ရှေ့နေ အပေါင်းအသင်းတွေကို အမြဲတမ်း မြှောက်သည်။ တရားသူကြီးတွေကို မျက်နှာလို မျက်နှာရ လုပ်သည်။ သူတို့ ကတော်တွေကို အောက်ကျို့ဆက်ဆံသည်။ နိုင်ငံရေးအကွက် ဖြစ်သည်။

မစ္စက်ဂါစတင်သည် နှစ်ဆယ့်ငါးနှစ်အတွင်း ဘယ်သူ့ကိုမှ ထမင်း ဖိတ်မကျွေးဖူးခဲ့။ အပြင်တွင်သာ ရောမ ညစာစားပွဲကြီးတွေ အချိန်မှန် ကျင်းပသည်။ သို့သော် ကပ်စေးနှဲစွာ ကျွေးမွေးခြင်း ဖြစ်သည်။ သူများနည်းတူ ကျွေးနိုင်သည်ဟူသည့် မာနမျိုးဖြင့် ကျွေးခြင်း ဖြစ်သည်။ တဝက်ဈေးလောက် ရသည့် ဆိုင်တွင်

mgyoe.com

mgyoe.com

SAMPLE BOOK


ဈေးချချိန်ကို ရွေးပြီး ကျွေးခြင်း ဖြစ်သည်။ ညှော်သည်တွေ စားသောက် ပျော်ရွှင်နေတာ ကြည့်ပြီး သဒ္ဓါစိတ် ဖြစ်မလာ။ မသဒ္ဓါစိတ်သာ ပေါ်လာတတ်သည်။ 'မိုဖယ်လ်' ဝိုင်ကို ပဝါဖြူ ပတ်ပြီး ရှန်ပိန်အဖြစ်နှင့် ပရိသတ်ကို ညှော်ခဲ့သည်။

ယောကျ်ားလုပ်သည့် ဘားနဒ်ဂါစတင်က သဘောကောင်းလွန်းသဖြင့် နောက်လူတွေ သူ့ကို ကျော်တက်ကုန်သည်။ မိန်းမက သူ့ကို ပါလီမန်အမတ်ဝင်ရွေးဖို့ လှုပ်ရှားသည်။ ကုန်ကျစရိတ်ကို ပါတီက ကျခံသည်။ သည်ငွေကိုပင် သူက ဝင်ပြီး ကပ်စေးနဲနေသဖြင့် မဲရှုံးတော့သည်။ သို့သော် ယောကျ်ား အမတ်လောင်း ဖြစ်ခဲ့သဖြင့် မစ္စက်ဂါစတင် ကျေနပ်နေသည်။ လူကြီးပိုင်းနှင့်ရော၊ နိုင်ငံရေးပိုင်းနှင့်ပါ အကျွမ်းတဝင် ဖြစ်သွားသည်လေ။ ဘားနဒ်တယောက် လွှတ်တော်ထဲ ရောက်ဖို့တော့ လမ်းမမြင်ပေ။

သို့သော် နန်းတွင်း ဝတ်လုံတော်ရတယောက် ဖြစ်နေ၍ သူ့ထက် ဆယ်နှစ်ငယ်သည့် အမျိုးသမီးနှင့်အတူ ပါတီတွေတော့ တက်နေရမြဲပင်။ နန်းတွင်းအရာရှိ တယောက်မို့ အပြင်တွင် ရှေ့နေလိုက်လို့ မရသည့်အတွက် ဘားနဒ် စိတ်မပျက်ပါ။ ဝင်ငွေ မများသော်လည်း ဂုဏ်ရှိပါ၏။ သို့သော် မိန်းမက အားမရ။ သူ့ကို ငပျင်းဟု ထောမနာပြုသည်။ တက်လမ်း မရှာသည့်အတွက် ဆူဆူပူပူ လုပ်သည်။ သို့သော် ဘားနဒ်က မဖြူ။ ကျိတ်ခံသည်။ မိန်းမကို ချစ်လွန်း၍ ဖြစ်၏။ သူသည် လူအေးတယောက် ဖြစ်သည်။ ခုတော့ နှုတ်နည်းသည်ထက် နည်းလာသည်။ သူ ပြောင်းလဲလာပုံကို အိမ်သူ အိမ်သားတွေ သတိမထားမိကြ။ သမီးလုပ်သူက အဖေကို ငွေရှာပေးသူတယောက်ထက် ပိုမမြင်။ သူသည် အိမ်စရိတ် ရှာပေးနေသူ၊ နွေရာသီ ခရီးထွက်ဖို့ စီစဉ်ပေးရသူ ဖြစ်သည်။ ခုတော့ ဖုံးပေါ်လအောာ မသုံးနိုင်တော့။ အဖေ မနက်အစော အိမ်က ထွက်သွားပြီး ညမိုးချုပ်မှ ပြန်လာသည်ကိုလည်း အမှုမထားကြ။ သူသည် အိမ်သားတွေနှင့် အနေဝေးလာသည်။ သို့သော် အဖေ ဖြစ်နေသည့်အတွက် သူတို့ကို ချစ်ရမည်။ ဖူးဖူးမှုတ် ထားရမည်ဟု သမီးတွေက တွက်ထားသည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၈ )

မစ္စက်ဂါစတင်ကတော့ ပန်းပန်လျက်ပင်။ အနေအထိုင် လုံးဝ မပြောင်းလဲ။ ညစာစားပွဲများကို ဖိတ်ကျွေးဆဲ၊ တက်ရောက်ဆဲ။ သည်လောကထဲမှာ အနေကြာပြီကိုး။ သူ ပါသည့် ဝိုင်းတိုင်း စကားဝိုင်း စိုပြည်နေသည်သာ။

ဘားနဒ်ဂါစတင်သည် မြို့ကြီးပြကြီးတွင် တရားသူကြီး မဖြစ်နိုင်တော့သော်လည်း မြို့နယ်နှင့် ကိုလိုနီနိုင်ငံများတွင်တော့ ဖြစ်နိုင်သေးသည်။ လောလောဆယ်တွင်တော့ ဝဲလ်ရှ် မြို့တွင် မှတ်တမ်းထိန်း ဝင်လုပ်နေသည်။ မစ္စက်ဂါစတင်တယောက် သည်မျှနှင့်ပင် ကျေနပ်နေရသည်။ သူ အလေးထားသည်မှာ သမီးတွေဖြစ်သည်။ သူတို့နှစ်ယောက်ကို တင့်တောင့်တင့်တယ် လက်ထပ်ပေးဖို့သာ အာရုံစိုက်နေသည်။ သည်ကိစ္စပြီးလျှင် ဘဝမပြေလည်မှုများအတွက် ဖြေသာပြီ။ သူတို့တွင် သမီးနှစ်ယောက် ရှိသည်။ ကစ်တီနှင့် ဒေါ်ရစ္စ။ အငယ်မ ဝတုတ်က ရုပ်မလှ။ သူ့အတွက်တော့ ချမ်းသာသည့် လူငယ်တယောက်နှင့် လက်ထပ်ပေးဖို့ စိတ်ကူးထားသည်။

အကြီးမ ကစ်တီက လှသည်။ ကလေးဘဝကတည်းက မိန်းမချောကလေး ဖြစ်လာမည်ကို ကြိုသိနေခဲ့ကြသည်။ အနက်ရောင် မျက်လုံးအစုံက အရည်လဲ့ကာ မျက်လုံးများက လှုပ်ရှား ကခုန်နေကြသည်။ ဆံပင်ညိုညိုတွေက လှိုင်းထလျက်။ ဖြူတန်းနေသော သွားပုလဲများ။ ချစ်စဖွယ် အသားရောင်နှင့်

mgyoe.com

mgyoe.com

လိုက်ဖက်လှသည်။ ဒေါ်ရစ္စလို နှာခေါင်း မရှည်။ သူ့ တကိုယ်လုံးမှ ကောင်းခြင်း ငါးဖြာထဲတွင် အသားအရေမှာ အထင်ရှားဆုံး ဖြစ်သည်။ ထို့ကြောင့် အကြီးမကို အားထားခဲ့သည်။ သူ အိပ်မက် မက်ထားသည့် သတို့သားမျိုး မရနိုင်လျှင်တောင်မှ သမီးကို မြတ်မြတ်နိုးနိုး ချစ်မည့် ဖူးစာဖက် ရှာပေးနိုင်မည်ဟု အမေက ယုံကြည်ထားသည်။

စင်စစ် ဝေါ်လ်တာသည် သူ ရှာပေးသည့် ယောက်ျား ဖြစ်သည်။ ကစ်တီသည် လှသလောက် ရွှင်သည့် မိန်းကလေး ဖြစ်၏။ ကပွဲများတွင် ကာလသားတွေ ဝိုင်းဝိုင်းလည်နေသည်။ သူ့အချစ်ကို တောင်းခံသည့် လူငယ် တဒါဇင်မျှ ရှိလာသည်။ သူက ဘယ်သူ့ကိုမျှ မတုံ့ပြန်။ ကင်စင်တန်တောင်ပိုင်း နေအိမ် ဧည့်ခန်းသည် တနင်္ဂနွေလို နေ့များတွင် လူစည်ကားလှသည်။ မစ္စက်ဂါစတင်က အပြုံးကလေးဖြင့် ကျေနပ်နေသော်လည်း သူတို့ကို မသိမသာ အကဲခတ်နေသည်။ ကစ်တီက အားလုံးနှင့် ကသည်။ တရင်းတနှီး နေသည်။ သို့သော် ချစ်ရေးဆိုလာလျှင်တော့ ခေါင်းယမ်းမြဲ။

ဤသို့ဖြင့် တရာသီ ကုန်သွားသည်။ ဖူးစာရှင် မတွေ့။ ဒုတိယနှစ်တွင်လည်း ထိုနည်းနှင်နှင်။ ကိစ္စ မရှိ။ ငယ်ငယ်လေး ရှိသေးတာပဲ။ စောင့်နိုင်တယ်လေ။ သို့သော် မစ္စက်ဂါစတင်ကတော့ သူ့အပေါင်းအသင်းတွေ ရှေ့တွင် ထုတ်ညည်းသည်။ နှစ်ဆယ့်တစ်နှစ် ဆိုတဲ့ အရွယ် ရောက်မှတော့ မိန်းကလေး တယောက် အိမ်ထောင်ပြုသင့်ပြီဟု သူက ထင်သည်တဲ့လေ။ ဤသို့ဖြင့် တတိယနှစ် ရောက်လာသည်။ ပြီးတော့ စတုတ္ထနှစ်။ နှစ်ယောက်၊ သုံးယောက်က ဖွဲ့ကောင်းကောင်းနှင့် ချဉ်းကပ်ဆဲ။ သို့သော် အားလုံး ချောင်ချောင်လည်လည် ရှိသူတွေ မဟုတ်ကြ။ တယောက်၊ နှစ်ယောက်က ကစ်တီ့ထက် ငယ်သည့် ချာတိတ်တွေ။ ပိုးပန်းသူများထဲတွင် KCIE* ဘွဲ့ရ အငြိမ်းစား အရာရှိ တယောက် ပါလာသည်၊ သို့သော် အသက်က ငါးဆယ့်သုံးနှစ်။

ကစ်တီက ကလို့ ကောင်းတုန်း။ တင်းနစ် ရိုက်သည်။ မြင်းပွဲ သွားသည်။ ခရစ်ကက် ကစားသည်။ လှေလှော်ပွဲ သွားသည်။ ကစ်တီ သူ့ဘဝသူ ပျော်နေသည်။ သို့သော် လက်တွဲရမည့် ဘဝအဖော် မတွေ့သေး။ အားကိုး အားထား ပြုရမည့်လူ မတွေ့သေး။ မစ္စက်ဂါစတင် စိတ်ပူစ ပြုလာပြီ။ ကစ်တီ့ကို မျက်စိကျ

* ဘုရင်မကြီး ချီးမြှင့်သည့် အိန္ဒိယနိုင်ငံ ပဋိညာဉ်ခံ ဝန်ထမ်းဘွဲ့။

mgyoe.com

mgyoe.com

သူတွေက လေးဆယ်ကျော်တွေ ပိုများကြောင်း သတိထားမိလာသည်။ သည်တော့ သမီးလုပ်သူကို အချိန်ဆွဲ မနေဖို့ သတိပေးရတော့၏။ အရွယ်တော် တဆိတ်ဟိုင်း သွားမည့် အကြောင်း လက်တို့ ပြောရတော့သည်။

ကစ်တီက ပခုံးတွန့်ပြသည်၊ သူ့ကိုယ်သူ လှမြဲ လှနေမှန်း သိသည်၊ အရွယ် အလိုက် ဘယ်လို ဝတ်လို့ ဘယ်လို စားရမည်ကို သိသည်။ ယောကျ်ားယူရင် ခေါင်း ခေါက် ရွေးနိုင်သားပဲ။ အချိန်တန်ရင် တွေ့မှာပေါ့။ ပေါ်လာမှာပေါ့။

သို့သော် မစ္စက်ဂါစတင်က ပိုပြီး အလေးအနက် ထားသည်။ စံရွေးနေ သည့် သမီးချောကို ကြာလျှင် ဈေးကျသွားမှာ စိုးနေသည်။ သည်တော့ အသက်မွေး ဝမ်းကျောင်း ပညာရှင်ပိုင်းကို လှည့်ကြည့်သည်။ ရှေ့နေဖြစ်ဖြစ်၊ ကုန်သည်ဖြစ်ဖြစ် ပေါ့။ အနာဂတ်အတွက် အားကိုးအားထား ပြုနိုင်သည့် အဆင့်ထဲကပေါ့။ စောစော က သူ အဖက်မလုပ်သည့် လူတန်းစား။

ကစ်တီ အသက်အစိတ် ပြည့်ပြီ။ ခုထက်ထိ အပျိုကြီး ဖြစ်နေတုန်း။ အမေကြီး နေမထိ ထိုင်မသာ ဖြစ်လာသည်။ နောက်ဆုံး ပွင့်ပွင့်လင်းလင်း ထုတ် ပြောရတော့သည်။ အမေကြီးက ဘယ်အရွယ်အထိ ကျွေးထားရမှာလဲ ဟူသည့် စကားမျိုး။ ကစ်တီ့ကို မစ္စက်ဂါစတင် စိတ်မရှည်နိုင်တော့။ ဤသို့ဖြင့် အငယ်မ ဒေါရစ္စအလှည့် ရောက်လာသည်။ နှာခေါင်းရှည်ရှည်နှင့် ကောင်မလေးသည် ဂျက်ဖရီ ဒင်နီဆင်နှင့် စေ့စပ်ကြောင်းလမ်း ဖြစ်သွားသည်။ ခန္ဓာကိုယ်က ဝဝ၊ အကလည်း မကောင်း။ သို့သော် ပွဲဦးထွက်နှစ်မှာပင် စွံသွားသည်။ ဂျက်ဖရီက အလားအလာ ကောင်းသည့် ခွဲစိတ်ဆရာဝန်ကြီး၏ တဦးတည်းသော သား။ စစ်အတွင်းက မှူးမတ် (လော့ဒ်) ဘွဲ့ ရရှိခဲ့သည်။ သည်ဘွဲ့ကို ဂျက်ဖရီ ဆက်ခံရမည်။ ထို့ကြောင့် ဒေါရစ္စအတွက် အမေကြီး စိတ်ချမ်းသာနေသည်။

သည်လို အခြေအနေတွင် ကစ်တီက အထိတ်တလန့်နှင့် ဝေါလ်တာဖိန်း ကို လက်ထပ်လိုက်ရခြင်း ဖြစ်သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၉ )

ကစ်တီက သူ့အကြောင်း သိပ်မသိ။ သူ့ကို သတိပင် သိပ်မထားမိ။ သူ့ကို ဘယ်တုန်းက ဘယ်မှာ စတွေ့မှန်း မမှတ်မိတော့။ နောက်တော့ ကပွဲတစ်ခုတွင် စတွေ့ကြောင်း သူက ပြောပြသည်။ သူ ပြောမှ သူနှင့် တွဲကခဲ့ဖူးသည်ကို ပြန်ပြီး အမှတ်ရသည်။ ကစ်တီက သဘောကောင်းတော့ လာကခွင့်တောင်းသူတိုင်းနှင့် က,သည်။ ဘယ်သူ့ကိုမှ မငြင်း။ သူနှင့် တနေရာမှာ တခါ၊ နှစ်ခါ က,ပြီး နောက်နှစ်ရက်လောက်အတွင်း သူ စကား လာစပြောသည်။ သည်တော့မှ နောက်ပိုင်း ကပွဲတိုင်းတွင် သူ့ကို သတိထားမိတော့သည်။

တနေ့ သူနှင့် က,နေရင်း ရယ်ရယ်မောမောဖြင့် မေးလိုက်သည်။

"တွဲကတာ အကြိမ် တဒါဇင် ကျော်ပြီ၊ ခုထိ သူ့နာမည် မသိသေးဘူး"

သူ နောက်တွန့်သွားသည်။

"မင်း တကယ် မသိဘူးလား၊ မမှတ်မိဘူးပေါ့။ တို့ကို တယောက်က မိတ်ဆက်ပေးပြီးသားလေ"

"အင်း... ကိုယ် နားလည်ပါတယ်"

သူ ခဏ တွေစဉ်းစားပြီးမှ–

"မင်း စိတ်ထဲမှာ နည်းနည်းမှ ကိုယ့်ကို သိချင်စိတ် မရှိဘူးပေါ့"

"တခြားမိန်းမတွေ သိချင်သလောက်တော့ သိချင်ပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကိုယ့်နာမည် ဘယ်သူ ဘယ်ဝါ ဆိုတာ တယောက်ယောက်ကို မေးဖို့ စိတ်မကူးမိဘူးလား"

ကစ်တီ စိတ်ထဲ နည်းနည်းပျော့သွားသည်။ ကြည်နူးသလိုလို၊ သနားသွားသလိုလို။

"ကဲ... ဘယ်သူလဲ ပြော"

"ဝေါ်လ်တာဖိန်း"

သူ ဘာလို့ ကပွဲတွေ လာနေပါလိမ့် ကစ်တီ နားမလည်။ ကောင်းကောင်းလည်း မကတတ်ဘဲနဲ့။ သူ့ကြည့်ရတာ အသိအကျွမ်းလည်း သိပ်များပုံ မပေါ်။ တဖြည်းဖြည်းနှင့် ကစ်တီ နားလည်လာသည်။ အင်း... သူလည်း ငါ့ကို ကြွေနေပြီ လော။ သို့သော် ပခုံးတွန့်ပြီး ဘေးချိတ်ထားလိုက်သည်။ မိန်းကလေးတချို့ တွေ့ဖူးသည်။ တွေ့သမျှ ယောကျ်ားတွေ သူတို့ကို ကျနေပြီ ထင်သည်။ ပြီးမှ တကက်တက်စင် လွဲတာချည်း။

ဒါပေမဲ့ ဝေါ်လ်တာဖိန်းကိုတော့ ကစ်တီ နည်းနည်းလေး ပိုအလေးထား မိသည်။ တခြားလူငယ်တွေနှင့် ခွဲခြားပြီး ဆက်ဆံသည်။

သူက သူများတွေနှင့် မတူ၊ တမူ ထူးသည်။ တခြားပုဂ္ဂိုလ်လေးတွေ အများစုက က,ပြီးသည်နှင့် နမ်းချင်ကြသည်။ အချို့နှင့်လည်း ကစ်တီ နမ်းဖြစ် သည်။ သို့သော် ဝေါ်လ်တာဖိန်းက သူတို့လို မဟုတ်။ စကားလည်း သိပ်မပြော။ တုံဏှိဘာဝေ။ ရယ်ခဲ၊ ပြုံးခဲသည်။ သူ ရယ်လျှင် ကစ်တီ သဘောကျသည်၊ စကား နည်းသော်လည်း ပြောလျှင် လေးနက်ပြီး တန်ဖိုးရှိသည့် စကားများသာ ဖြစ်သည်။ ပြီးတော့ သူက ရှက်တတ်သည်။ အရှေ့ကိုလိုနီနိုင်ငံများတွင် အလုပ်လုပ်ပြီး ခွင့်ပြန် လာပုံ ရသည်။

တနင်္ဂနွေ တညနေတွင် ကင်စင်တန်တောင်ပိုင်း ကစ်တီတို့အိမ်သို့ သူ ရောက်လာသည်။ တခြားဧည့်သည် တဒါဇင်လောက် ရောက်နေနှင့်သည်။ သူက ထုံးစံအတိုင်း ဘာမှ မပြောဘဲ ထိုင်နေပြီး ခဏနေတော့ ထပြန်သွားသည်။ နောက်မှ အမေက ဘယ်သူ ဘယ်ဝါလဲ မေးပြီး ပုလိပ်စစ် စစ်တော့သည်။

"သူ့ကို မတွေ့ဖူးပါဘူး၊ သမီးက သူ့ကို ဖိတ်ထားလို့လား"

"ဟုတ်ကဲ့၊ ဖိတ်ပါတယ်။ သူနဲ့ ဘက်ဒလေတို့ အိမ်မှာ တွေ့တာ။ သူက ပြောတယ်၊ သမီးကို ကပွဲတိုင်းမှာ တွေ့တယ်တဲ့၊ တနင်္ဂနွေနေ့တွေတော့ အိမ်မှာ

mgyoe.com

mgyoe.com

ရှိပါတယ်လို့ သမီးက ပြန်ပြောလိုက်တယ်။ သူ့နှာမည်က ဖိန်းတဲ့၊ အရှေ့ပိုင်းမှာ အလုပ်လုပ်တယ်၊ ခွင့်ပြန်လာတာ”

“သူက ဆရာဝန် မဟုတ်လား၊ သမီးကို သူ ကြိုက်နေပြီလား”

“မသိဘူးလေ၊ တကယ်ပြောတာ”

“ကိုယ့်အပေါ် ယောကျ်ားလေးတယောက်ရဲ့ သဘောထား သမီး သိမယ်လို့ ထင်နေတာ”

“သူ ကြိုက်နေရင်လည်း ပြန်မကြိုက်နိုင်ပါဘူး၊ သူ့ကိုတော့ မယူဘူး”

မစ္စက်ဂါစတင် ဘာမှ ဆက်မပြောတော့၊ ငြိမ်သွားပုံက စိတ်ပျက်လက်ပျက်၊ ကစ်တီ မျက်နှာပျက်သွားသည်။ အမေက ဘယ်သူ့ဖြစ်ဖြစ် ယူစေချင်နေပြီ။ သူ့လက်က လွှတ်ရင် ပြီးရော ဆိုတာမျိုး။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၀ )

နောက်တပတ်အတွင်း ကပွဲတွင် သူနှင့် သုံးခါ တွေ့သည်။ သူ သိပ်မရက်တော့ သလိုလိုပဲ။ စကားလည်း ပိုပြောလာသည်။ သူက ဆရာဝန်တော့ ဟုတ်သည်။ ဒါပေမဲ့ ဆေးမကုဘူး တဲ့။ ဓာတ်ခွဲခန်းမှာ အလုပ်လုပ်တဲ့ ဘက်တီးရီးယား ဆရာဝန် တဲ့။ (အဓိပ္ပာယ်ကို ကစ်တီ သဲသဲကွဲကွဲ မသိ) ဟောင်ကောင်တွင် အလုပ် လုပ်ကြောင်း လည်းသိရသည်။နွေရာသီတွင်ပြန်သွားမည်ဖြစ်ကြောင်းနှင့်တရုတ်ပြည်အကြောင်း တွေ အများကြီး ပြောပြသည်။

သူ့ကို သူများတွေ စကားလာပြောရင် စိတ်ဝင်တစား နားထောင်ဖို့ကစ်တီ လေ့ကျင့်ရသည်။ ဟောင်ကောင်တွင် နေရသည့် အင်္ဂလိပ်လူမျိုးတို့၏ ဘဝအကြောင်း သိခွင့်ရသည်။ ကလပ်တွေ၊ တင်းနစ်ကွင်းတွေနှင့် မြင်းပွဲ၊ ပိုလိုပွဲ၊ ဂေါက်ပွဲတွေ ရှိသည် တဲ့။ ပျော်စရာကြီးပေါ့။

"အဲဒီမှာ ကပွဲတွေ ရှိလား"

"ရှိတာပေါ့၊ အဲ... ရှိမယ် ထင်ပါတယ်"

သူ ဒါတွေကို ဘာရည်ရွယ်ချက်နဲ့ ပြောနေပါလိမ့်ရိုပြီး ကစ်တီ စိတ်ဝင် စားစ ပြုလာသည်။ ငါတို့ အသိုင်းအဝိုင်းကို သူ သဘောကျနေပြီလား။ သို့သော် မည်သည့် အမူအရာမျှ မပြ။ လက်ကလေးကိုင်ပြီး ဆုပ်နယ်တာမျိုး မရှိ။ ကပွဲ တွေမှာ တွေ့နေတဲ့ ကောင်မလေး တယောက်ထက် ဘာမျှ မပို။

mgyoe.com

နောက်တနင်္ဂနွေနေ့တွင်သူရောက်လာပြန်သည်။ မိုးတွေ ရွာချလာတော့ ဂေါက် ဆက်မရိုက်နိုင်လို့ အဖေပါ အိမ်ပြန်ရောက်လာသည်။ သူတို့ နှစ်ယောက် စကားလက်ဆုံ ကျနေကြသည်။ သူ ပြန်သွားတော့မှ ဘာတွေ ပြောနေကြတာလဲ ဟု အဖေ့ကို မေးကြည့်ရသည်။

"သူက ဟောင်ကောင်မှာ တာဝန်ကျတာတဲ့၊ အဲဒီမှာ အဖေ့သူငယ်ချင်း က တရားသူကြီး၊ တက္ကသိုလ်တုန်းက ဥပဒေတန်း အတူတူ တက်ခဲ့ကြတာ၊ သူက လူတော်ကလေးပါ"

အဖေက လူငယ်တွေနှင့် စကားပြောလျှင် သေလုအောင် ငြီးငွေ့တတ်သူ။

"အဖေက လူငယ်တွေနဲ့ ကြာကြာ စကားမပြောပါဘူး၊ သူတို့ကို အဖေ သဘောမကျဘူး မဟုတ်လား"

ကြင်နာတတ်ပြီး ပင်ပန်းနွမ်းနယ်နေသော မျက်လုံးများဖြင့် အဖေက သမီးကို ကြည့်သည်။

"သမီးက သူ့ကို လက်ထပ်မှာလား"

"ဟာ... ဘယ်ကလာ၊ အဖေကလဲ"

"သူက သမီးကို ချစ်နေသလား"

"မသိဘူးလေ၊ အဲဒီလို အရိပ်အယောင်လည်း မတွေ့ပါဘူး"

"သူ့ကို သမီး သဘောကျသလား"

"သဘောကျတယ်လည်း မဟုတ်ပါဘူး၊ သူ့ကြည့်ရတာ စိတ်ထဲ တမျိုးပဲ"

သူတို့နှစ်ယောက် စရိုက်ချင်း မတူ။ လိုက်လည်း မလိုက်။ သူက ပုပျပ်ပျပ်၊ သို့သော် ဝဝတုတ်တုတ် မဟုတ်။ ပိန်ပိန်ပါးပါး ဖြစ်သည်။ ရုပ်ရည် သန့်ပြန့် ပြီး မုတ်ဆိတ်ကျင်စွယ် မထား။ ပြောင်နေအောင် ရိတ်ထားသည်။ မျက်လုံးတွေက တနေရာရာကို ငေးနေတတ်သည်။ တခုခုကို စိုက်ကြည့်နေတတ်သည်။ နှာတံ ပေါ်ပေါ်နှင့် လူချောတယောက် ဖြစ်သည်။ သို့သော် သူနှင့် ဆက်ဆံရသည်မှာ ကစ်တီ့အတွက် တမျိုးဖြစ်နေသည်။ ပျော်စရာ မကောင်းသလိုပဲ။

တယောက်နှင့် တယောက် မကြာမကြာ တွေ့ဖြစ်လာသည်။ သူ အရင် လောက် ရှက်ကိုးရှက်ကန်း မဖြစ်တော့။ သို့သော် ထူးဆန်းနေဆဲ။ အေးစက်နေ ဆဲ။ နောက်ဆုံး ကစ်တီ ကောက်ချက်ဆွဲလိုက်သည်။ သူ ငါ့ကို ချစ်နေတယ် ဆိုတာ မဖြစ်နိုင်ပါဘူး။ စကားပြောဖော် တယောက်အနေနဲ့ ခင်တာလောက်ပဲ ဖြစ်မှာပါ။

mgyoe.com

mgyoe.com


နိဝင်ဘာလမှာ တရုတ်ပြည် ပြန်သွားရင် ငါ့ကို မေ့သွားမှာပါ။ သူ့အကြောင်း တွေး ကြည့်မိတယ်။ ဆေးရုံက ဆရာမလေးတွေ သူ့မှာ ရှိချင် ရှိမှာပေါ့။ တရားဟော ဆရာတယောက်ရဲ့ သမီးနဲ့ တွဲချင်လည်း တွဲနေမှာပေါ့။ အင်း... ပျင်းစရာကောင်း လိုက်မယ့် ဖြစ်ခြင်း။ ဒါပေမဲ့ သူနဲ့ အဲဒီပုံစံမျိုးနဲ့မှ လိုက်မှာပါ။

ထိုအချိန်ပိုင်းလောက်တွင် ဒေါ်ရုစ္စနှင့် ဂျက်ဖရီဒင်နီဆင် စေ့စပ်ကြောင်း လမ်းသည့် ကိစ္စ ပေါ်လာခြင်း ဖြစ်သည်။ ဒေါ်ရုစ္စက ဆယ့်ရှစ်နှစ်။ လက်ထပ်ဖို့ အကောင်းဆုံး အရွယ်။ ကစ်တီက နှစ်ဆယ့်ငါးနှစ် ပြည့်ပြီ၊ ခုထိ မစွံသေး။ လေးရာသီ ကုန်ခါနီးတွင် ချဉ်းကပ်လာသူက သူ့ထက် ငါးနှစ်ငယ်သည့် ချာတိတ်ကလေး။ နောက်တယောက်က ကလေးသုံးယောက်အဖေ မုဆိုးဖိုအရာရှိ၊ ကစ်တီ စိတ်ဓာတ် ကျစ ပြုလာပြီ။ အမေက သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၁ )

တနေ့ ဟာရိုးတို့ အိမ်မှ လမ်းလျှောက်အပြန်တွင် ဝေါလ်တာဖိန်းနှင့် အမှတ်မထင် သွားဆုံသည်။ သူက ရပ်ပြီး စကားပြောသည်။ ပြီးတော့ ခရီးသွားဟန်လွှဲ ပုံစံဖြင့် ပန်းခြံဘက် လျှောက်ဖို့ စကားစသည်။ သွားချင်စိတ် မရှိသော်လည်း အိမ်ပြန်ချင် စိတ် မရှိသေး။ သူနှင့်အတူ ပန်းခြံဆီ လျှောက်သွားဖြစ်သည်။ ခါတိုင်းလိုပင် တော အကြောင်း၊တောင်အကြောင်းတွေ ပြောရင်း ပန်းခြံထဲတွင် လမ်းလျှောက်ဖြစ်ကြ သည်။ သည်နွေရာသီ ဘယ်သွားမလဲဟု သူက မေးသည်။

"အဖေက အလုပ်သိပ်ပင်ပန်းတော့ တောပိုင်းမှာပဲ အေးအေးလူလူ သွားနား ဖြစ်တာ များပါတယ်"

ကစ်တီက စကားဖြစ်အောင် လျှောက်ပြောလိုက်ခြင်း ဖြစ်သည်။ ပင်ပန်း လောက်အောင် အဖေ့တွင် အလုပ်ရှိသည် မဟုတ်။ အမှန်က ဆိတ်ငြိမ်သည့် တောပိုင်း ကို သွားခြင်းက စရိတ်သက်သာသောကြောင့် ဖြစ်သည်။

သူက ဖြတ်ပြီး–

"ဟို ထိုင်ခုံကလေးတွေက ထိုင်ချင်စရာနော်"

သူ ကြည့်ရာသို့ ကစ်တီ လိုက်ကြည့်လိုက်သည်။ သစ်ပင်အောက် မြက်ခင်း ပေါ်မှ ချစ်စရာ ထိုင်ခုံကလေးနှစ်လုံး။

"သွားထိုင်မယ်လေ"

mgyoe.com

mgyoe.com

နှစ်ယောက်သား ထိုင်မိကြတော့ သူ တမျိုးဖြစ်သွားသည်။ စိတ်နဲ့ လူနဲ့ မကပ်သလိုလို။ အင်း... တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပါလား။ ကစ်တီက ရှာကြံပြီး စကားတွေ ပြောနေရသည်။ ဘာပြုလို့ သူ့ကို ပန်းခြံထဲ ခေါ်တာပါလိမ့်။ တရုတ်ပြည်က သူ့ဆရာမတွေ၊ ဒါမှမဟုတ် ဘုရားကျောင်းပတ်ဝန်းကျင်က ကောင်မလေးတွေ အကြောင်းများ ပြောပြမလို့လား။ စကားပြောင်းတော့မည့် ဟန်ဖြင့် ကစ်တီက သူ့ကို လှည့်ကြည့်သည်။ သို့သော် ဘာမျှ မပြော။ မျက်နှာတော့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ အတော်ကြာမှ–

"ကိုယ် တခု ပြောစရာရှိတယ်" တဲ့။

ကစ်တီ သူ့ကိုပြန်ကြည့်လိုက်သည်။ သူ မျက်စိမျက်နှာပျက်လို့ပါလား။ အသံတွေ ကတုန်ကယင် ဖြစ်နေသည်။

"ကိုယ် တခု ပြောချင်လို့၊ ကိုယ့်ကို လက်ထပ်ပါလား ကစ်တီ"

သူ့ကို အကြောင်သား ငေးကြည့်ပြီး ကစ်တီ ပြန်ပြောလိုက်သည်။

"ရှင်က ကျွန်မကို ကြက်မွေးကလေးနဲ့ အလဲရိုက်ချလိုက်သလိုပဲ"

"မင်းကို ကိုယ် စွဲစွဲလမ်းလမ်း ချစ်နေတယ် ကစ်တီ၊ မင်း မသိဘူးလား"

"ဟင်... သူကဖြင့် ဘာမှ မလှုပ်ရှားဘဲနဲ့"

"ကိုယ် အဲဒီဘက်မှာ သိပ်ညံ့တယ် ကစ်တီ၊ ပြောမယ်လုပ်တိုင်း တခြားအကြောင်းတွေ နှုတ်က ထွက်သွားတာချည်းပဲ"

ကစ်တီ ရင်တွေ မထင်မှတ်ဘဲ ခုန်လာသည်။ မကြာခဏ ရည်းစားစကား ပြောခံခဲ့ရဖူးပါ၏။ သိုင်းသိုင်းဖွဲ့ဖွဲ့နှင့် စကားလုံး လှလှကလေးတွေနှင့် ပြောကြသည်။ သူကလည်း သည်အတိုင်း ပြန်ပြောတတ်သည်။ ခုလို တုံးတိတိကြီး တခါမှ အပြောမခံရဖူးလေ။

"ကျေးဇူးတင်ပါတယ် ဝေါ်လ်တာ"

"စတွေ့တဲ့ နေ့ကတည်းက ချစ်ခဲ့တာပါ ကစ်တီ၊ ပြောဖို့ ကြိုးစားတာ ကြာပြီ၊ ပြောမထွက်လို့"

ကစ်တီ ရယ်လိုက်သည်။

"ရည်းစားစကား ပြောပုံကြီးကလည်း တမျိုးကြီး"

ရယ်ပစ်လိုက်နိုင်၍ ကစ်တီ့ရင်ထဲ ပေါ့သွားသည်။ တနင်္ဂနွေနေ့ ညနေပိုင်းသည် သာတောင့်သာယာ ရှိနေသည်။ သို့သော် ဝေါ်လ်တာတယောက် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေသည်။

mgyoe.com  SAMPLE BOOK 

"ကိုယ်ပြောတာ နားလည်ပါတယ်နော်၊ ကိုယ် မျှော်လင့်ပါရစေ ကစ်တီ၊ မင်းက မကြာခင် တောပိုင်း သွားတော့မှာ၊ ကိုယ်ကလည်း တရုတ်ပြည် ပြန်ရတော့မှာ"

"အဲဒီလို ဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ဘူး"

ကစ်တီ ဘာလုပ်ရမှန်း မသိဘဲ ပြောလိုက်သည်။

သူ ဘာမျှ ဆက်မပြောတော့။ မျက်မှောင်ကြုတ်ပြီး မြက်ပင်တွေကို ငုံ့ကြည့်နေသည်။ အင်း... ခပ်ကြောင်ကြောင်ပဲဟု ကစ်တီ တွေးလိုက်သည်။ သို့သော် သူ့ပုံ ကြည့်ပြီး လှုပ်လှုပ်ရှားရှားတော့ ဖြစ်သွားသည်။ တွေးကြောက်လာ၏။ ရင်တွေ ခုန်နေ၏။ သူ၏ မထုံတက်သေး အမူအရာကြောင့် စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

"စဉ်းစားဖို့ အချိန်ပေးပါနော်"

သူ ဆက်ပြီး ငြိမ်နေသည်။ လုံးဝ မလှုပ်။ စဉ်းစားပြီးသည်အထိ ဒီအတိုင်း ငြိမ်နေမှာလား မသိ။ တော်တော် အဓိပ္ပာယ် မရှိတာပဲ။ အမေနှင့်လည်း တိုင်ပင်ရဦးမည်။ ဘာပြုလို့ မလှုပ်မယှက် ငြိမ်နေပါလိမ့်။ သူ့ကို မကြည့်ဘဲ မြင်နေသည်။ ကိုယ့်ထက် အရပ်ကလေး မဆိုသလောက် မြင့်သည့် လူတယောက်နှင့် လက်ထပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားဖူးခဲ့။ သူနှင့် နီးနီးကပ်ကပ် ထိုင်နေရင်း ခုမှ သေသေချာချာ ကြည့်မိသည်။ မျက်နှာက ကရုဏာရှင်တယောက်၏ မျက်နှာမျိုး။

ကစ်တီ ကတုန်ကယင်ဖြင့် ထပ်ပြောလိုက်သည်။

"ရှင့်အကြောင်း ကျွန်မ ဘာမှ မသိသေးဘူးလေ"

နှစ်ယောက်သား အကြည့်ချင်း ဆုံမိကြသည်။ သူ့မျက်လုံးအစုံတွင် နူးညံ့မှုကို တွေ့ရသည်။ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးသည့် နူးညံ့သိမ်မွေ့မှုမျိုး။

"ကိုယ့်စိတ်ထဲမှာတော့ တို့နှစ်ယောက် ပိုပြီး ရင်းနှီးလာပြီ အောက်မေ့တာ"

"သူက သိပ်ရှက်တာကိုး၊ ဟုတ်တယ် မဟုတ်လား"

ကစ်တီ့တသက်တွင် အထူးဆန်းဆုံး ချဉ်းကပ်ခံရမှုမျိုး ဖြစ်သည်။ ခုအချိန်အထိ သူ့ကို ကစ်တီ မကြွေချင်သေး။ ဘာပြုလို့ အပြတ် မငြင်းမိပါလိမ့်။ ကစ်တီ သူ့ဘာသာ သူ အံ့သြနေသည်။

သူ စကားဆက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကိုယ်ကိုယ်တိုင်က ချာပါတယ်ကွာ၊ မင်းကို ဘယ်တုန်းကမှ မဖြစ်ပေါ် ဖူးခဲ့တဲ့ အချစ်မျိုးနဲ့ ချစ်မိနေတဲ့အကြောင်း ပြောချင်တာ၊ ပြောလို့ မထွက်ဘူး"

အင်း... ဒါလည်း ထူးဆန်းတာပဲဟု ကစ်တီ တွေးနေသည်။ သို့သော် သူ့ကို တဖြည်းဖြည်း နားလည်သလိုလို ဖြစ်လာသည်။ သူဟာ အေးစက်စက် လူတယောက် မဟုတ်နိုင်။ သူ့အမူအကျင့်ကြောင့် သည်လို စိုစိစိ၊ ဒုံနာနာပုံမျိုး ပေါက်နေခြင်း ဖြစ်သည်။ အစ္စျတ္တကို မြင်လာပြီ။ ထိုတဒင်္ဂတွင် သူ ချစ်စရာ ကောင်းသွားသည်။ ဒေါရစ္စက နိုဝင်ဘာလတွင် လက်ထပ်မည်။ အဲဒီအချိန် သူက ဟောင်ကောင် ပြန်ပြီ။ သူ့ကို လက်ထပ်လိုက်လျှင် အဲဒီအချိန်လောက်ဆို ဒီမှာ မရှိတော့။ ဒေါရစ္စ၏ အပျိုရံ လုပ်ဖို့ ဝင္ဇကိုလည်း ခံရဖို့ မလိုတော့။ ညီမက အရင်စွံပြီး မိမိက ဒီအတိုင်း ကျန်နေ မည့် အဖြစ်ကလည်း ရှောင်နိုင်သွားတော့မည်။ ဒေါရစ္စ ယောကျ်ားယူသွားသည် နှင့် သူ့ကိုယ်သူ အဘွားကြီး ဖြစ်သွားပြီဟု ထင်ရတော့မည် မုချ။ အဲဒီလိုအဖြစ်နှင့် စာရင် သူနဲ့ တရုတ်လိုက်သွားရတာမှ ကောင်းဦးမယ်။ အမေလည်း ပူညံပူညံ မလုပ်နိုင်တော့ဘူးပေါ့။ ညည်းအရွယ် သူများတွေ သားတွဲလောင်း၊ သမီးတွဲလောင်း နဲ့လို့ မပြောနိုင်တော့ဘူးပေါ့။ ဝေါလ်တာဖိန်းက မမျှော်လင့်ဘဲ သူ့ကို ဘဝသစ် တခု ပေးဖို့ လက်ကမ်းနေသည်။ သူ့ဘက် လှည့်ပြီး ပြုံးပြလိုက်၏။

"ကျွန်မက ခေါင်းညိတ်ရင် ရှင် ဘယ်တော့ လက်ထပ်မှာလဲ"

သူ ပျော်သွားသည်။ သွားတွေပေါ်အောင် ပြုံးသည်။ မျက်နှာတွေ ရဲတက် လာသည်။

"ခု လက်ထပ်မှာပေါ့၊ အမြန်ဆုံး လက်ထပ်မှာပေါ့၊ ပြီးတာနဲ့ အီတလီ ကို မင်္ဂလာခရီး ထွက်မယ်၊ ဩဂုတ်၊ စက်တင်ဘာလအတွင်းပေါ့"

အင်း... တပတ်မှ ငါးဂီနီ ပေးရတဲ့ တောင်ပိုင်းမှာ အဖေ၊ အမေနဲ့ ပျင်းတိ ပျင်းတွဲ သွားနေဖို့ မလိုတော့ဘူးပေါ့။ ချက်ချင်း မျက်စိထဲ မြင်ယောင်လာသည်။ Morning Post မှာ ပါလာမည့် 'တရုတ်ပြည်မှ ခွင့်ပြန်လာသည့် သတို့သားနှင့်...' ဆိုသည့် မင်္ဂလာသတင်း။ အမေကတော့ သတင်းစာနှင့်အပြိုင် သတင်းတွေ ဖြန့် နေတော့မည်။ ဒေါရစ္စထက် သတင်းဦးသွားလိမ့်မည်။ သူ မင်္ဂလာဆောင်ချိန်တွင် မိမိက ဟိုးအဝေးကြီး ရောက်နေပြီ။

ကစ်တီက လက်ဆန့်ပေးလိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"သူ့ကို သဘောကျတယ် ထင်ပါတယ်၊ ရင်းနှီးလာအောင် အချိန်တော့ ပေးပါနော်"

သူ အလောသုံးဆယ် မေးသည်။

"ဒါဆို... ခေါင်းညိတ်တာပေါ့နော်"

"အင်း... ဟုတ်မယ် ထင်ပါတယ်"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၂ )

သူနှင့် ပေါင်းလာသည်မှာ နှစ်နှစ် ရှိပြီ။ သူ့အကြောင်း သိပ်မသိသေး။ တွေ့စက ဆိုလျှင် အနည်းအကျဉ်း ပိုသိခွင့်ရသေးသည်။ ပထမပိုင်းတွင် သူ၏ ကြင်နာမှုတွေနှင့် ထိတွေ့ရသည်။ အထိအတွေ့များတွင် မွေ့လျော်ရသည်။ မိန်းမကို အသေးစိတ် ကျေနပ်မှုရအောင် ပြုစုတတ်သူ ဖြစ်၏။ ဂရုစိုက်၏။ လက်ဆောင်ပစ္စည်းကလေးတွေ ဝယ်လာဖို့လည်း ဘယ်တော့မှ မမေ့၊ နေထိုင်မကောင်းလျှင် သူ့လောက် ပြုစုတတ်သူ၊ သူ့လောက် ဂရုစိုက်သူ မရှိဟု ထင်သည်။ ယဉ်ကျေးရာတွင်လည်း သူထက် ယဉ်ကျေးသူမျိုး မတွေ့ဖူး။ အိမ်ပြန်ရောက်လာလျှင် ပြေးထွက်လာပြီး ကားတံခါး ဖွင့်ပေးသည်။ ကားပေါ်က တွဲဆင်းပေးသည်။ လမ်းတွင် မတော်တဆ ဆိုလျှင် ဦးထုပ်ကို ချွတ်တတ်သည်။ ကစ်တို့ အိပ်ခန်းကို ဖြစ်စေ၊ သီးသန့်ခန်းကို ဖြစ်စေ တံခါးမခေါက်ဘဲ ဘယ်တော့မှ မဝင်။ ရယ်စရာ၊ မောစရာ စကားကလေးများ ပြောကာ မိန်းမကို ပျော်အောင်ထားသည်။ သူတို့နှစ်ယောက်၏ လင်မယားဘဝသည် လုံးဝ ပြည့်စုံလေသည်။ အိပ်ခန်းထဲတွင် သူသည် အားကောင်းမောင်းသန် ယောကျ်ား ဖြစ်သည်။ အနုစိတ် ချစ်တတ်သူလည်း ဖြစ်သည်။ စိတ်လှုပ်ရှားလွန်းစွာ ချစ်တတ်သူလည်း ဖြစ်၏။

သူသည် မိန်းမ အနေရကျပ်လောက်အောင် ခံစားမှု ပြင်းပြသူ ဖြစ်၏။ သူ့ကိုယ်သူ ထိန်းနေခြင်းမှာ ရှက်တတ်လွန်း၍ ဖြစ်ကောင်း ဖြစ်မည်၊ သို့မဟုတ်

mgyoe.com

အချစ်ကိစ္စကို ကြာမြင့်စွာ လေ့လာထားခြင်းကြောင့် ဖြစ်မည်။ ဘယ်တခုကြောင့် မှန်း ကစ်တီ မသိ။ တခါတုန်းက သူ့ရင်ခွင်ထဲမှာ နေစဉ် ကြားချင်သည့် စကားလုံး များကို ကြားချင်လာသည်။ တကယ့်တကယ် သူက ပြောလာတော့–

“နားရှက်စရာတွေ၊ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး” ဟု ပြော လိုက်မိသည်။ ထွေးပိုက်ထားသည့် သူ့လက်မောင်းတွေ တောင့်ခနဲ ဖြစ်သွား သည်။ ပြီးတော့မှ ဘာမျှ မပြောတော့ဘဲ ခဏငိုင်သွားသည်။ ပြီးတော့ မိန်းမကို ထားခဲ့ကာ သူ့အခန်းဆီ ပြန်သွားပါလေတော့သည်။ သူ စိတ်မကောင်းဖြစ်အောင် ပြောလိုက်ခြင်း မဟုတ်ပါ။ နွဲ့နွဲ့ကလေး မူကြည့်တာကို ကိုယ်တော်မြတ်က အဟုတ် ထင်သွားတာလေ။

နောက် တရက်၊ နှစ်ရက် ကြာတော့ ပြန်ပြောရသည်။

“သွား...သူများက ဒါမျိုး နားထောင်ချင်တာ” ဆိုမှ ရှက်ပြုံးကလေး ပြုံးပြီး ရယ်ဖော် မောဖော် ရလာသည်။ တဖြည်းဖြည်းမှ သူ့အကြောင်း သိလာသည်။ ကပွဲများတွင် သီချင်း ဝိုင်းဆိုသည့်အခါမျိုးတွင် ဝေါ်လ်တာ ဘယ်တော့မှ လိုက် မဆို။ သူက တယောက်တည်း နေတတ်သည့် လူစားမျိုး။ တနေရာတွင် ထိုင်ပြီး သူလည်း အားလုံးနှင့်အတူ ပျော်ပါသည် ဆိုသည့် သဘောမျိုးဖြင့် ပြုံး၍သာ နေတတ်သည်။ သို့သော် သူ့အပြုံးက ပြည့်ပြည့်ဝဝ မဟုတ်။ ပျော်ပျော်ပါးပါး ကခုန်နေသူတွေကို အရူးတွေဟု ထင်နေသည့် အပြုံးမျိုး။

တရုတ်ပြည် ခရီးတွင် လူတိုင်း လွတ်လွတ်လပ်လပ် ဖြစ်သလို ဝတ်စား လာကြသည်။ သူ့ကို ဘယ်လိုပြောလို့မှ မရ၊ ဝတ်စုံပြည့်နှင့် လိုက်ပါလာခဲ့သည်။ သူများ ပျော်လို့ မပျော်နိုင်သူ၊ လောကကြီးကို ငြီးငွေ့စရာကြီးဟု မြင်နေသူ။ သည်အတွက်တော့ ကစ်တီ စိတ်ပျက်သည်။

ကစ်တီက ပျော်ပျော်နေချင်သည်။ ရယ်ရယ်မောမောနှင့် စကားတွေ ဖောင်ဖွဲ့နေချင်သည်။ သူက အံ့သြစရာကောင်းလောက်အောင် နှုတ်နည်းသူ။ မလိုအပ်လျှင် ဘာတခွန်းမျှ ပြောချင်သူ မဟုတ်။

“ဟိုမှာ မိုးတွေ တအားသည်းနေတယ်” လို့ ပြောရင် “ဟုတ်လား” ထက် ပိုမပြော။ တခါတလေ သူ့ကို ဆွဲလှုပ်ပစ်လိုက်ချင်သည်။

“အပြင်မှာ မိုးတွေ တအားရွာနေတယ်လို့ ပြောနေတယ်လေ”

ကစ်တီ ထပ်ပြောလိုက်သည်။ သူက ပြုံးပြီး–

mgyoe.com

mgyoe.com

"အင်းလေ၊ ကြားပါတယ်"

သူက ခပ်အေးအေးပင်။ သူ့လေသံက ဒေါသသံ မစွက်။ သူ စကားနည်းခြင်းမှာ ပြောစရာ မရှိ၍ ဖြစ်သည်။ ဘေးလူမှာ ပြောစရာ မရှိတော့လျှင် သူ့အတွက် လောကကြီး တခုလုံး စကားသံတွေ တိတ်ဆိတ်သွားလေမည်လား။ ကစ်တီ တွေးကြည့်နေသည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၃ )

ဝေါ်လ်တာသည် သူ့နေပုံထိုင်ပုံကြောင့် အသိုင်းအဝိုင်းတွင် သိပ်မဝင်ဆံ့ပေ။ သည်အကြောင်း ဟောင်ကောင် ရောက်ပြီး သိပ်မကြာခင် ကစ်တီ သိလာသည်။ သူ့အလုပ်အကြောင်း၊ ဓာတ်ခွဲခန်းအကြောင်း ကစ်တီ ဘာမှမသိ။ သို့သော် အစိုးရ ပိုးမွှားဗေဒ ဓာတ်ခွဲခန်း ဆရာတယောက် သိပ်အရေးမပါလှကြောင်းတော့ သိလာသည်။ သည်အကြောင်း ဝေါ်လ်တာက မိန်းမနှင့် ပြောဆို ဆွေးနွေးဖို့ ဆန္ဒမရှိပေ။ သူက မေးသော်လည်း ပြောပြဖို့ နားမလည်နိုင်သည့် အကြောင်းတွေမို့ ရယ်စရာတွေ ပြောပြီး စကားလမ်းကြောင်း ပြောင်းပစ်တတ်သည်။

နောက်တခါ စကားစပ်မိတော့ ပြောပြလိုက်သည်။

"တော်တော် ငြီးငွေ့စရာကောင်းတဲ့ ပညာရပ်ပါကွာ၊ ပျင်းစရာ ကောင်းသလောက် ပိုက်ဆံ အရနည်းတဲ့ အလုပ်"

သူက နှုတ်နည်းရုံမက အနေလည်း တည်လွန်းသည်။ ခုအချိန်အထိ သူ့မျိုးရိုး ဇာတိကို ကစ်တီ မသိ။ ပညာအရည်အချင်းကို မသိ။ ကစ်တီက အစ်ထုတ်သည်။ ညှစ်ထုတ်သည်။ မထွက်။ မေးခွန်းတွေကို သူ မကြိုက်။ မတတ်သာလို့ ဖြေလျှင်လည်း တိုတိုတုတ်တုတ်။ သူ့ကိုယ်ရေးကိုယ်တာတွေ လျှို့ဝှက်ထားတာလား။ သူ့ဝသီလား ကစ်တီ မဝေခွဲတတ်။ သူ့အကြောင်းပြောဖို့ သူ အလွန်ရှက်သည်။ သိပ်ဝန်လေးသည်။ သူ့ကိုယ်သူ ဘယ်လို ပွင့်လင်းရမှန်းမသိ ဖြစ်နေတာ

mgyoe.com

mgyoe.com SAMPLE BOOK

များလား။ သူဖတ်သည့် စာအုပ်တွေကလည်း ကစ်တီ့အတွက် ငြီးငွေ့စရာတွေချည်း။ သိပ္ပံစာအုပ်တွေ၊ တရုတ်ပြည်အကြောင်း စာအုပ်တွေ။ အားလျှင်တော့တင်းနစ်ရိုက်သည်၊ ဖဲကစားသည်။

ဘာကြောင့် သူ့အချစ်ကို လက်ခံမိပါလိမ့်ဟု ကစ်တီ ခုမှ ပြန်စဉ်းစားနေသည်။ ဘယ်လိုမှ အသွင်မတူ၊ သူက အေးစက်စက်နှင့် သိုသိပ်လွန်းသူ။ သို့သော်သူက မိမိကို အသေအလဲ ချစ်နေသည်။ ချစ်သူအတွက် ဘာပဲလုပ်ရ လုပ်ရ ဟူသည့်လူစားမျိုး။ စေလိုရာ စေပါစေ ဟူသည့် လူစားမျိုး။ သည်လို ဆိုးမျိုး ခံတတ်သူမျိုး။ ရယ်စရာ ကောင်းလောက်အောင် သူ့လို မိန်းမကို ချစ်တတ်သူမျိုး ကစ်တီ မမြင်ဖူးပေ။ သူနှင့် အရင်းနှီးဆုံး တယောက်၊ နှစ်ယောက်မှ လွဲ၍ သူ့ကို ပျော်စရာ ကောင်းသူတယောက်အဖြစ် မြင်သူ မရှိ။ ကစ်တီ့အတွက် သူဟာ ငြီးငွေ့စရာ လူတယောက်တော့ မဟုတ်ပေ။ မထုံတက်သေး လူတယောက်သာ ဖြစ်သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၄ )

ဟောင်ကောင် ရောက်ပြီး လက်ဖက်ရည်ပွဲများတွင် ချာလီတောင်းဆင်းကို မမြင်ဖူးခင် သူ့မိန်းမနှင့် ဆုံရသည်။ သူတို့အိမ်တွင် ကျင်းပသည့် ညစာစားပွဲတွင် ဝေါလ်တာနှင့် အတူ သွားတော့ သူက မိတ်ဆက်ပေး၍ ချာလီနှင့် သိရခြင်း ဖြစ်သည်။ ချာလီက ဟောင်ကောင် အုပ်ချုပ်ရေးပိုင်း၏ အတွင်းဝန်ကလေး။ ညစာစားပွဲတွင် ကစ်တီက သာမန်ဧည့်သည် တယောက်ထက် မပို။ မစ္စက်တောင်းဆင်းနှင့်လည်း သာမန်ပင်။ ဟောင်ကောင်တွင် ရောက်ဖူးသမျှထဲ သူတို့ဧည့်ခန်းက အကျယ်ဝန်းဆုံး၊ အခမ်းနားဆုံး ဖြစ်သည်။ နေချင်စဖွယ် ဖြစ်သည်။ ညစာစားပွဲတွင် ဧည့်သည် အများကြီး တွေ့ရသည်။ ရောမ ဧည့်ခံပွဲကြီး ဖြစ်သည်။ သူတို့ လင်မယားက နောက်ကျပြီး ရောက်သွားသည်။ မစ္စက်တောင်းဆင်းက ရိုးရိုးပဲ ဝတ်ထားသည်။ သူတို့ကို ကြိုသည်။ လက်ထဲတွင် ဧည့်စာရင်းကိုင်လျက် ဝေါလ်တာ့နာမည်ကို ဧည့်စာရင်းတွင် ရှာကြည့်သေးသည်။ ဤတွင် သူ့ကို စမြင်ဖူးခြင်း ဖြစ်သည်။ သူတို့ကို ကြိုဆိုနေသည့် ပုဂ္ဂိုလ်သည် အရပ်မြင့်မြင့်နှင့် ခံ့ညားချောမောသူ ဖြစ်သည်။ ပြီးတော့ လေးနက် တည်ကြည်မည့် ပုံ။

"ဒါ ကိုယ့်အမျိုးသားလေ"

မစ္စက်တောင်းဆင်းက မိတ်ဆက်ပေးသည်။

"အတော်ပဲ၊ ထိုင်ခုံချင်း ရှေ့နောက်ပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ပြောပုံကြောင့် တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသော ညစာစားပွဲကြီး ကစ်တီ့ ရင်ထဲမှ ပျောက်ကွယ်သွားပြီး ပေ့ါပါးသွားသည်။ သူ့မျက်လုံးတွေက ပြုံးနေသည်။ အံ့သြသည့် အရိပ်အယောင်ကိုလည်း တွေ့လိုက်ရသည်။ ကစ်တီ့ စိတ်ထဲ ပေ့ါပါးသွားရုံမက ရယ်ချင်စိတ်ပင် ပေါက်လာသည်။

သူက ဆက်ပြောသည်။

"ဒေါ်ရသီရဲ့ညစာဘယ်လောက်ကောင်းကောင်း ကိုယ်တော့စားနိုင်မယ် မထင်ဘူး၊ ကိုယ့်ကိုတယောက်ယောက်က ကြိုပြောထားဖို့ကောင်းတာပေ့ါကွာ"

"ဘာကိုလဲ"

"ဘယ်သူမှ မပြောကြဘူးလေ၊ ဒါလောက် ညှို့အားပြင်းတဲ့ အလှကလေး တယောက်ကို ဖိတ်ထားတယ်လို့"

"ဒုက္ခပဲ၊ ကစ်တီ ဘာပြောရမလဲ၊ ဘာပြောရမှန်း မသိတော့ဘူး"

"သူ ဘာမှ မပြောနဲ့၊ ပြောဖို့ ကိုယ့်တာဝန်ထား၊ တခြား ဘာအကြောင်းမှ မပြောဘူး၊ မင်း လှတဲ့အကြောင်းပဲ ထပ်ကာ ထပ်ကာ ပြောနေမှာ"

ကစ်တီ ကြက်သေသေနေသည်။ သူ့မိန်းမက ငါ့အကြောင်း ဘာတွေများပြောထားပါလိမ့်။ တောင်းဆင်းက သူ့ကို အရည်လဲ့နေသည့် မျက်လုံးပြာတွေဖြင့် ငုံ့ကြည့်နေရင်း မိန်းမ ပြောတာကို ဖျတ်ခနဲ သွားသတိရလိုက်သည်။

ဒေါက်တာဖိန်း၏ ဇနီးအသစ်စက်စက်ကလေး အကြောင်း မိန်းမက ပြောတော့ တောင်းဆင်း စပ်စုချင်လာသည်။

"သူက ဘယ်လိုပုံမျိုးလဲ"

"ချစ်စရာကလေးပါ၊ ရုပ်ရှင်မင်းသမီးကလေး ကျနေတာပဲ"

"ရုပ်ရှင် ရိုက်ဖူးသတဲ့လား"

"အို... မဟုတ်ပါဘူး၊ သူ့အဖေက ဆရာဝန်လား၊ ရှေ့နေလား မသိဘူး၊ သူတို့ စုံတွဲကို ဖိတ်မလားလို့"

"မင်းဟာက မလောလွန်းဘူးလားကွာ"

နှစ်ယောက်သား နီးနီးကပ်ကပ် ထိုင်ဖြစ်ကြတော့ ဝေါလ်တာဖိန်းကို သူ ဟောင်ကောင် ရောက်လာကတည်းက သိတဲ့အကြောင်း စပြောသည်။

"သူနဲ့ ဖဲကစားဖူးတယ်၊ သူက အပေါင်းအသင်းတော့ နည်းတယ်၊ ကလပ်မှာတော့ အတော်ဆုံး ပိုကာသမားပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်အပြန်လမ်းတွင် သည်အကြောင်း ဝေါလ်တာ့ကို ကစ်တီ ပြန်မေး တော့–

"သူ ပြောသလောက်လည်း မဟုတ်ပါဘူးကွာ"

"သူကကော ဘယ်လိုနေလဲ"

"မဆိုးပါဘူး၊ သူ နိုင်တာ များပါတယ်၊ ဒါပေမဲ့ ဖဲမကောင်းတဲ့အခါတော့ ရှုံးတာပေါ့"

"သူနဲ့ ရှင်နဲ့ ဘယ်လိုနေလဲ၊ ရှင့်လောက် တတ်ရဲ့လား"

"အဲဒါ ကိုယ် ဘယ်ပြောတတ်မလဲ၊ ကိုယ်က ဒုတိယတန်းစားလောက်ပါ၊ တောင်းဆင်းကတော့ သူ့ကိုယ်သူ ပထမတန်းစားလို့ ထင်တယ်၊ ဒါပေမဲ့ မဟုတ်ဘူး"

"သူ့ကို သဘောမကျဘူးလား"

"ကျတယ်လည်း မဟုတ်၊ မကျဘူးလည်း မဟုတ်ပါဘူး၊ သူ့အလုပ်မှာတော့ သူ တော်ပါတယ်၊ အားကစားလည်း တော်တယ်တဲ့၊ ကိုယ့်ကို သူ သိပ်စိတ် မဝင်စားပါဘူး"

သူ ပြောပုံကို ကစ်တီ သိပ်ဘဝင်မကျ။ လူတယောက်ကို ကြိုက်၊ မကြိုက် ဆိုတာ သူ့ကိုယ်ပိုင် အခွင့်အရေးမို့ ပြောစရာ မရှိပါ။ ကစ်တီကတော့ တောင်းဆင်းကို သိပ်သဘောကျနေသည်။ သည်လို ဖြစ်လာမည်ဟု သူ လုံးဝ မမျှော်လင့်ခဲ့။ သူသည် တရုတ်ပြည်ရောက် အင်္ဂလိပ်လူမျိုးထဲတွင် လူကြိုက်အများဆုံး ပုဂ္ဂိုလ်တယောက် ဖြစ်နေမလား မသိဘူး။ ဟောင်ကောင်ဘုရင်ခံ အနားယူတော့မည်တဲ့။ သည်နေရာကို သူပဲ ဆက်ခံစရာ ရှိသည့် အကြောင်း လူတိုင်း ယုံကြည်ထားကြသည်။ သူက တင်းနစ် ကစားသည်။ ပိုလို ရိုက်သည်။ ဂေါက် ရိုက်သည်။ မြင်းစီးသည်။ လူတိုင်းကို ကူညီသည်။ ကြိုးနီစနစ်ကို သူ မကြိုက်။ ဘဝင် မမြင့်၊ လေမထွား။ သူ့စကားသံကို ဘာကြောင့် နားထောင်ချင်နေမှန်း ကစ်တီ မသိ။ သူဟာ ဘဝင်မြင့်သည့် လူစားမျိုးများလား ဟုလည်း တွေးမိ၏။ ပြီးမှ သည်လို တွေးမိသည့်အတွက် စိတ်မကောင်း ဖြစ်သွားပြန်သည်။

ထိုညသည် ကစ်တီ့အတွက် မမေ့တဲ့နိုင် ညတည ဖြစ်လေသည်။ လန်ဒန် ပြဇာတ်ခုံတွေ အကြောင်း၊ အင်္ဂလန်အကြောင်းတွေ ပြောဖြစ်ကြသည်။ ညစာစားပွဲ ပြီးကြလို့ ဧည့်ခန်းကျယ်ကြီးထဲတွင် ထိုင်ကြတော့လည်း အခြားဧည့်သည်

mgyoe.com

တွေ့နှင့် စကားစမြည် ပြောပြီး ကစ်တီ့ နံဘေးတွင် လာထိုင်သည်။ ရယ်စရာ မောစရာ တွေ ပြောသည်။ သူ့အသံက ရှင်သော်လည်း လေးနက်သည်။ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်။ သူနှင့် စကားပြောရတာ လုံး၀ အနေမကျုံ့။ သိပ်ပျော်ဖို့ ကောင်းတာပဲ။

သူ့အရပ်က အနည်းဆုံး ခြောက်ပေ နှစ်လက်မလောက် ရှိမည်။ သူ့ ကိုယ်ပေါ်တွင် အဆီတပေါင်မျှ အပိုမရှိသလိုပဲ။ ၀တ်စုံကလည်း ပထမတန်းစား။ အခန်းထဲတွင် သူက ရုပ်ချောရုံမက အချိုးအကျဆုံး ဖြစ်သည်။ ကစ်တီက ယောက်ျား တွေကို သေသေသပ်သပ် ၀တ်မှ သဘောကျတတ်သည်။ ဝေါလ်တာဘက် လှည့် ကြည့်လိုက်သည်။ သည့်ထက်တော့ ပို၍ သေသေသပ်သပ် ရှိစေချင်သည်။

တောင်းဆင်း၏ လက်ကြယ်သီးတွေ၊ အတွင်းခံ ခါးတိုလက်ပြတ်အကျႌ ကြယ်သီးတွေကို သတိထားကြည့်လိုက်သည်။ ကာတီယား စိန်တိုက်တွင် တွေ့ဖူး သည့် ကြယ်သီးမျိုးတွေ ဖြစ်သည်။ သူ့အသားအရေက နေလောင်ထားသလို။ သို့သော် သူ့ပါးပြင်ပေါ်က မူလအသားရောင်ကို နေရောင်ခြည်က မပြောင်းလဲနိုင်။ နှုတ်ခမ်းမွေး မျှင်မျှင်ကလေးက နီရဲရဲနှုတ်ခမ်းအစုံကို ဖုံးကွယ်ခြင်း မရှိ။ မျက်ခုံး၊ မျက်လုံးက သူ့မျက်နှာတွင် ကျက်သရေအရှိဆုံး ဖြစ်သည်။ ရယ်လိုက်လျှင် ပိုလို့ ဆွဲဆောင်မှု ရှိလာသလို ထင်ရသည်။

သူ့အနားတွင် ကစ်တီသည် ရင်းနှီးပြီးသားလို ဖြစ်နေသည်။ ပြန်ခါနီး လက်ဆွဲနှုတ်ဆက်သည့်အခါ တင်းတင်းညှစ်လိုက်သည့်အတွက် ကစ်တီ အဓိပ္ပာယ် ကို နားလည်သွားသည်။

သူက သာမန်နှုတ်ဆက်သည့် လေသံဖြင့် –

"ထပ်ဆုံသေးတာပေ့ါနော်"

မျက်လုံးများကမူသည့်ထက် လေးနက်သည့်အဓိပ္ပာယ်ကို ဆောင်လျက်။

"ဟောင်ကောင်က ကျဉ်းကျဉ်းလေးပါရှင်"

ဟု ကစ်တီက ပြန်ပြောလိုက်သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၅ )

သုံးလအတွင်း သည်အခြေအနေအထိ ဖြစ်သွားသည်မှာ အံ့သြကုန်နိုင်ဖွယ်ပင်။ တွေ့တွေ့ချင်း အရူးအမူး ချစ်သည်ဟု သူက ရင်ဖွင့်လာသည်။ သည်လောက်လှသည့် မိန်းကလေးမျိုးနှင့် ဘယ်မှာမှ မဆုံခဲ့ဖူးပါတဲ့။ စတွေ့သည့်နေ့က ဝတ်သွားသည့် အဝတ်အစားကို အသေးစိတ် မှတ်မိသည်။ တောင်ကြားထဲမှာ ပွင့်သည့် လီလီပန်းကလေး အတိုင်းပါပဲတဲ့။ ဖွင့်မပြောခင်ကတည်းက ချစ်မိတာပါတဲ့။ ကစ်တီက ခပ်ဝေးဝေးနေပြီး ရှောင်ဖို့ကြိုးစားပါသေးသည်။ သူ့ရင်ခွင်ထဲ ရောက်သွားပြီး သူ နမ်းမှာ ကြောက်နေသည်။ သူ့လက်မောင်းတွေ ကြည့်ရတာနှင့်ပင် ရင်တွေ ခုန်လှပြီ။ သည်လို တခါမှ စိတ်မလှုပ်ရှားဖူးခဲ့။ ဘယ်သူ့ကိုမှ သူ့ကို ချစ်နည်းမျိုးဖြင့် မချစ်ဖူးခဲ့။ အင်း... အံ့ဖွယ် မဆုံးပါလား။ ဝေါလ်တာ သူ့ကို အရူးအမူး ချစ်ခဲ့ကြောင်း ပြောခဲ့ပုံကို သွားသတိရသည်။ ခု ကစ်တီ သည်အတိုင်း ဖြစ်နေပြီ။ ဝေါလ်တာ့ကို သနားမိသွားသည်။ ထိုစဉ်က သူ့ကို ကျီစယ်ခဲ့ဖူးသည်။ သူ ပျော်နေတာကိုလည်း ပြန်သတိရလာသည်။ ထိုစဉ်က သူ့ကို ကြောက်သလိုလို ဖြစ်သွားသေးသည်။ ခုတော့ အသားကျသွားပြီ။ ကစ်တီ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ရှိလာသည်။ သူ့ကို စ,ရနောက်ရတာကို ပျော်လာသည်။ သူ့ကျီစယ်မှုတွေကြောင့် နေးကွေးစွာ ပြုံးတတ်သော သူ့အပြုံးကို သဘောကျလာသည်။ သည်ကာလပိုင်းတုန်းက သူ လူတွေနဲ့ တူလာပြီဆိုပြီး ကစ်တီ ဝမ်းသာနေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ချာလီနှင့် ချစ်သူဖြစ်လာသောအခါ သူတို့လင်မယား ဆက်ဆံရေးမှာ သိမ်မွေ့စွာနှင့် ကြေကွဲစရာအတိ ဖြစ်လာတော့သည်။ ဝေါလ်တာ့ကို ကစ်တီ သေသေချာချာ မကြည့်ရဲတော့။ မရယ်မိ၊ မပြုံးမိတော့။ ချာလီနှင့် ချစ်နေစဉ်မှာ ပင် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည့်အခါတွေ ရှိသည်။ သူ့ကို ပူပူလောင်လောင် မချစ်တတ်၍ မဟုတ်။ ကစ်တီက သူနှင့်အပြိုင် ကဲနိုင်သည်။ ခုမှ သူ့ကိုယ်သူ အံ့ဩစွာ တွေ့ရှိလာခြင်း ဖြစ်သည်။ ဘာကြောင့် ဘယ်လို ပြောင်းလဲလာမှန်း သူ့ကိုယ်သူ မသိ။ သူ့နေရာတွင် အခြားတယောက် ဝင်လာဘိသကဲ့သို့။ မှန်ထဲတွင် သူ့ကိုယ် သူ ကြည့်မိလျှင် မနေ့တနေ့က ငါ ဟုတ်သေးရဲ့လားဟု အံ့ဩရ၏။

"မင်း ကိုယ့်ကို စိတ်ဆိုးနေသလား ဟင်"

ချစ်သူက မေးတော့ တိုးတိုးလေး ပြန်ဖြေသည်။

"ဟင့်အင်း၊ မောင့်ကို သိပ်ချစ်တယ်"

"အချိန်တွေ အများကြီး အလဟဿ ဖြစ်ကုန်တယ်လို့ မင်း မခံစားရဘူးလား ဟင်"

"ကစ်တီ သိပ်တုံးတာပဲ ဒါလင်ရယ်"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၆ )

ကစ်တီ အချစ်သည်းလိုက်ပုံမှာ တခါတလေ ရူးသွားမလား အောက်မေ့ရသည်။ လူကလည်း အချစ်ဖြင့် ပို၍ စိုပြည်လာသည်။ ပိုလှလာသည်။ အိမ်ထောင်မကျခင် ရက်ပိုင်းတွင် ကစ်တီ စိတ်ဓာတ်တွေ ကျကာ နွမ်းနယ်ခဲ့ရသည်။ ခုတော့ နားလည်လာပြီ။ နှစ်ဆယ့်ငါးနှစ် အရွယ်နှင့် အိမ်ထောင်သည် ဘဝက ခြားနားခဲ့သည့် အကြောင်း။

ဖူးနေသည့် နှင်းဆီပွင့်ကလေး ခုမှ ပွင့်ချပ် ပွင့်ဖတ်များဖြင့် ငွားငွားစွင့်စွင့် ပွင့်အာလာသည့်နှယ်။ ချစ်ရည် ရွှန်းလဲ့နေသည့် မျက်ဝန်းများ ပို၍ အရောင်လက်လာသည်။ အသားအရေတွေ ပို၍ စိုပြည်လာသည်။ ဆယ့်ရှစ်နှစ် သမီးကလေးလို စိုပြည် မြူးကြွလာသည်။ ချစ်ဖို့အကောင်းဆုံး အချိန်သို့ ခုမှ ရောက်ရှိလာသည့်နှယ်။ အချစ်ဆိုသော ထိုအရာကြောင့် မျက်နှာကလေး ဝင်းဝင်းပပ ဖြစ်နေသဖြင့် အမျိုးသမီး အပေါင်းအသင်းများက ကိုယ်ဝန် ရှိနေပြီလားဟု မေးကြသည်။ စင်စစ် တွေ့စက ချာလီ ပြောသည့် ညို့အားပြင်းသည့် အလှပိုင်ရှင် ဖြစ်လာနေခြင်းပင်။

သူတို့နှစ်ယောက် မကြာခဏ တွေ့ချိန် မရှိကြတော့ပေ။ ချာလီက ကစ်တီ့ အခြေအနေကို တွက်ရတော့သည်။ ရံခါတွင်သာ ရှေးဟောင်းပစ္စည်းဆိုင်ကလေး အပေါ်ထပ်ကို သွားကြပြီး လူလစ်လျှင်တော့ အိမ်သွားသည်။ ပြီးတော့ ဟိုမှာ၊ သည်မှာ နှစ်ယောက်သား ချိန်းတွေ့သည်။ သူက လူတကာနှင့် ဆက်ဆံ

mgyoe.com

mgyoe.com SAMPLE BOOK

ရာမှာ ရှင်သလို နှစ်ယောက်သား ချိန်းတွေ့သည့် အခါတွင်လည်း အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်။ ပြီးတော့ စွဲမက်ချင်စရာ ကောင်းလှသည့် သူ့ရင်ခွင်က ပူပူနွေးနွေးနှင့် အေးမြလှသည်။

ခုတော့ သူ့ကို ကစ်တီ စွဲစွဲလမ်းလမ်းနှင့် မြတ်မြတ်နိုးနိုး တွယ်တာမိပြီ။ ပိုလို ကစားလျှင် ဝတ်စုံဖြူနှင့် လူငယ်ကလေးတယောက်လို မြူးမြူးကြွကြွ။ ချာလီ တောင်းဆင်းသည် ခန္ဓာကိုယ်ကို ဂရုတစိုက် ထိန်းသိမ်းထားသူ ဖြစ်သည်။ ပေါင်မုန့်၊ အာလူးနှင့် ထောပတ် လုံးဝ မစားပါ။ လေ့ကျင့်ခန်းမျိုးစုံ မပြတ်လုပ်သည်။ သူက လက်ချောင်းကလေးတွေကိုလည်း အမြဲသသည်။ အပတ်စဉ် လက်သည်း ပြင်သည်။ တမြန်နှစ်က တင်းနစ် ချန်ပီယံဘွဲ့ ရလိုက်သေးသည်။ ကသည့် နေရာတွင်လည်း ချန်ပီယံပင်။ သူနှင့် ကရသည်မှာ လေထဲတွင် ဝဲပျံနေသလို ခံစားရသည်။ သူ့ကို လေးဆယ်ပိုင်းဟု ဘယ်သူမျှ မထင်ကြ။ မိမိကိုယ်တိုင် မယုံကြောင်း ကစ်တီ ပြောတော့–

သူက ပီတိဖြာနေသည့် အပြုံးမျက်နှာဖြင့် ပြန်ပြောသည်။

“မင်း အသက်အစိတ် ဆိုတာလည်း ကိုယ် မယုံပါဘူး”

ပြီးမှ ရယ်ပြီး–

“ကိုယ်က ဆယ့်ငါးနှစ်သားအရွယ် သားတယောက်ရဲ့ အဖေပါကွာ၊ နောက် နှစ်နှစ်၊ သုံးနှစ်ဆိုရင် ဗိုက်ရွှဲကြီးနဲ့ အဘိုးကြီး အုပ်စုဝင် ဖြစ်သွားမှာပါ”

“သူက နှစ်တရာ ဆိုလည်း ချောနေဦးမှာပါ”

သူက စွယ်စုံတော်သူ ဖြစ်သည်။ စန္ဒရားအတီးလည်း ကောင်းသည်။ အဆို လည်း ပိုင်သည်။ ဟာသဉာဏ်လည်း အပြည့်ရှိသူ ဖြစ်သည်။ လုပ်ငန်းခွင် တွင်လည်း အောင်မြင်သည်။ သူ့ ထူးချွန်မှုများအတွက် မကြာခဏ ဘုရင်ခံ ဂုဏ်ပြု ခြင်း ခံရသည်။ သည်တော့ ဝေါလ်တာ့မိန်းမ ဖြစ်ရမယ့်အစား သူနဲ့ဆို ဘယ်လောက် ကောင်းလိုက်မလဲ ဟူသည့် အတွေးမျိုး ဝင်လာတော့သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၇ )

သူတို့အကြောင်း ဝေါ်လ်တာ သိ၊ မသိ မသေချာသေး။ သူ မသိရင် ပြဿနာ ဘာမျှ မရှိ။ ဒီအတိုင်း ဆက်သွားနေရုံပင်။ သို့သော် သူ သိသွားလျှင်လည်း ခပ်ကောင်းကောင်းပင်။ ခိုးချောင်ခိုးဝှက် တွေ့နေရသည့်အတွက် ကစ်တီ စိတ်ပျက်လာပြီ။ သူတို့နှစ်ယောက်၏ ရမ္မက်မီးသည် မလွတ်လပ်လေ ပို၍ ပြင်းထန်လေ ဖြစ်လာသည်။ သည်လိုဘဝကို အားမလို အားမရ ဖြစ်လာသည်။ သူ့တာဝန်နှင့် ဘဝကို ကျိန်ဆဲမိကြောင်း ချာလီက သူ့ကို မကြာခဏ ထုတ်ပြောတတ်သည်။ နှစ်ယောက်သား လွတ်လွတ်လပ်လပ် ဆိုလျှင် ဘယ်လောက် ကောင်းလိုက်မလဲဟုလည်း တမ်းတမ်းတတ ပြောတတ်သည်။

သူ့မိန်းမနှင့် ချာလီ့ဆက်ဆံရေးကို ကစ်တီ ကောင်းကောင်းသိသည်။ အမျိုးသမီးက အေးစက်စက်။ သူတို့တွင် အချစ် မရှိသည်မှာ ကြာပြီဟု ကစ်တီ နားလည်ထားသည်။ ကလေးတွေ အနှောင်အဖွဲ့နှင့်မို့ ဣန္ဒြေမပျက် ဆက်နေကြခြင်း ဖြစ်သည်။ ဝေါ်လ်တာက သူ့ကို ချစ်သည်။ သို့သော် အလုပ်သံယောဇဉ် ကြီးလှသည်။ အလုပ်မှ အလုပ်ဟူသည့် လူစားမျိုး။ ဝေါ်လ်တာလို လူကို ကစ်တီ လက်ထပ်ခြင်းအတွက် နားမလည်နိုင်ကြောင်း ချာလီ မကြာခဏ ပြောဖူးသည်။

ကစ်တီတယောက် တကိုယ်တည်း ကျိတ်ပြုံးရင်း စဉ်းစားနေသည်။ စောစောကလေးကပင် ယောက်ျား သိသွားမှာကို တွေးကြောက်နေသေးသည်။

mgyoe.com

mgyee.com  SAMPLE BOOK 

တံခါးဖုကြီး လည်လာတုန်းက ကြောက်သလိုမျိုးလေ။ သို့သော် သူတို့နှစ်ယောက် စလုံး အဆိုးဆုံး ရင်ဆိုင်ဖို့ အသင့်ပြင်ထားကြသည်။ နှစ်ယောက်စလုံး သွေးဆူနေချိန်မို့ အန္တရာယ်ကို မကြောက်နိုင်ကြတော့။

ဝေါ်လ်တာသည် စိတ်ထားမြင့်မြတ်သည့် လူကြီးလူကောင်း တယောက်ဖြစ်သည်။ ပြီးတော့ မိန်းမကို သိပ်ချစ်သည်။ လိုအပ်လျှင် ကွာရှင်းပေးဖို့ ဝန်လေးမည် မထင်။ သူ သိသွားလျှင် ပြောဖို့စကားလုံး ရှာထားပြီးသား။ ပြုံးပြုံးလေးနှင့် ပြောမည်။ ကြင်ကြင်နာနာ ပြောမည်။ ညင်ညင်သာသာနှင့် အခိုင်အမာ ပြောမည်။ ရန်ဖြစ်စရာ မလိုတော့။ နှစ်နှစ်တာ ပေါင်းသင်းခဲ့ရသည်နှင့် သူ ကျေနပ်နေလိမ့်မည်။ တန်ဖိုးမဖြတ်နိုင်သည့် အတိတ်အဖြစ် သူ ထွေးပိုက်ထားလိမ့်မည်။

ဒေါ်ရသီတောင်းဆင်း အနေဖြင့် ကွာရှင်းပေးဖို့ ဝန်လေးမည် မဟုတ်။ အငယ်ဆုံး သားကလေးက အင်္ဂလန်ကို ပြန်မှာမို့ သူ လိုက်သွားရတော့မည်။ ဟောင်ကောင်တွင် သူ နေခဲ့စရာအကြောင်း မရှိတော့။ အင်္ဂလန်တွင် သူ့အဖေနှင့် အမေ ရှိသေးသည်လေ။ ကစ်တီ၏ အတွေးများ ဖြစ်ပါ၏။

ရိုးရိုးရှင်းရှင်းကလေးမို့ ဘယ်သူ့မှ ထိခိုက်စရာလိုမည် မဟုတ်။ အားလုံး ရှင်းသွားပြီးသည့်နောက်တွင် မိမိနှင့်ချာလီ လက်ထပ်လိုက်ရုံပင်။ တွေးပြီး ကစ်တီ သက်ပြင်းရှည်ကြီး ချလိုက်သည်။ အင်း... သိပ်ပျော်စရာကောင်းမှာပဲနော်။ ပျော်စရာ ရုပ်ပုံလွှာများ မြင်ကွင်းထဲတွင် တဖျပ်ဖျပ်ပြေးလျက် ရှိသည်။ ပျော်စရာ အတူနေရမည့် အိမ်၊ လျှောက်သွားရမည့် လမ်း။ သူ့ကို သိပ်ချစ်ပါသည်၊ မြတ်နိုးပါသည်။ သူကလည်း ဘယ်လောက် ဂုဏ်ယူနေမည် မသိ။

သို့သော် ဤသည်တို့မှာ နေ့လယ်အိပ်မက်များသာ ဖြစ်လေသည်၊ တီးလုံးနှင့် တေးသွားသံစဉ် အံမဝင် ဖြစ်နေသည့်အလား။ ဝေါ်လ်တာ ပြန်ရောက်ချိန် တန်ပြီ။ ရင်တွေ တဒိုင်းဒိုင်း ခုန်လာပြန်သည်။ သူ ဒီနေ့ နေ့လယ်ပိုင်း ထွက်သွားပုံက ထူးဆန်းသည်။ စကားတခွန်းမျှ မပြောဘဲ ပြန်ထွက်သွားသည်။ သူ့ကို ကစ်တီ လုံးဝ မကြောက်။ သူ ဘာလုပ်နိုင်မှာလဲ။ ဘာတတ်နိုင်မှာလဲ။ တယောက်တည်း ထပ်ခါ ထပ်ခါ မေးနေသည်။ သို့သော် မေးလိုက်ရလို့ ရင်ထဲ ပေါ့မသွား။ ထပ်မေးလိုက်သည်။ သူ ဘာလုပ်နိုင်မှာလဲ။ မိမိအနေဖြင့် အချစ် မရှိတော့သည့် အတွက် ဘာမျှ မတတ်နိုင်ပါ။ ဟန်ဆောင်နေရတာ မောလှပြီ။ အမှန်အတိုင်း ပြောလိုက်မှ ရင်ထဲ ပေါ့သွားလိမ့်မည်။ သူ့အတွက် သိပ်ထူးခြားလိမ့်မည် မထင်

mgyee.com

mgyoe.com

ပါ။ မှားယွင်းခဲ့သည့် အိမ်ထောင်ရေးဆိုတာ ဆင်ခြင်တုံတရားနှင့် သူ လက်ခံရမည်။ သူ့ဘက်က အမြဲ ဝင်စဉ်းစားပါတယ်နော်။

တယောက်တည်း သည်လိုတွေ ပြောနေပေမယ့် အကြောက်ပြေ မသွားခဲ့ပေ။ လက်ဖဝါးတွေ ချွေးစို့လာသည်။ ကြောက်စိတ်တွေ ဝင်လာတော့ သူ့ကို ဒေါပွလာပြန်သည်။ သူ ပြဿနာ လုပ်လာလျှင်တော့ အကျိုးသက်ရောက်မှုတို့သည် သူ့တာဝန်သာ ဖြစ်လိမ့်မည်။ သူနဲ့ ယူပြီးကတည်းက နောင်တ မရမိတဲ့နေ့ဆို၍ တနေ့မှ မရှိခဲ့ပေ။ သူ့လောက် ငြီးငွေ့စရာကောင်းသည့် လူစားမျိုး လောကတွင် ရှိမည် မထင်။ သူက သူ့ကိုယ်သူ အားလုံးထက် သာသည် ထင်နေသည်။ တော်တော်ရယ်ဖို့ကောင်းသည့် ကိစ္စ။ သူ့တွင် ဟာသဉာဏ်လည်း မရှိ။ အေးစက်စက်နှင့် ဘယ်သူ့ကိုမျှ လူမထင်ခြင်းကိုလည်း ကစ်တီ မုန်းသည်။ သူ့အနမ်းတွေကိုလည်း မပျော်မွေ့တော့။ သူ့အနမ်းလည်း မခံချင်တော့။ ဘာတွေကြောင့် ဒါလောက်သူ့ကိုယ်သူ အထင်ကြီးနေပါလိမ့်။ ကောင်းကောင်းလည်း မကတတ်။ ဒုံနာနာနဲ့ ဂီတလည်း မခံစားတတ်။ အဆိုလည်း မရ။ အားကစားဘက်တွင်လည်း သုံးမရ။

ကစ်တီက မောင်းတင်ထားသည်။ သတ္တိရှိရင် သူ ပြဿနာ လုပ်ကြည့်ပေါ့။ ဒီလို ဖြစ်ကုန်တာ သူ့ကြောင့်။ သူ ဟန်မကျလို့။ မုန်းတယ်။ သူ့ကို မုန်းတယ်။ တွေ့တောင် မတွေ့ချင်တော့ဘူး။ အားလုံးပြီးသွားရင်လည်း ကောင်းတာပဲ။ သူ ဘာလို့ ငါ့ကို လွှတ်မပေးနိုင်ရမှာလဲ။ သူ နားပူနားဆာ လုပ်လို့ လက်ထပ်ဖြစ်တာလေ။ ခုတော့ စိတ်ကုန်ပြီ။

"စိတ်ကုန်တယ်၊ စိတ်ပျက်တယ်"

တယောက်တည်း ထပ်ကာထပ်ကာ အော်ပြောရင်း ဒေါသူပုန်ထနေသည်။

ခဏနေတော့ ကားဝင်လာသံကြားရသည်။ ပြီးတော့ လှေကားမှတက်လာသည့် သူ့ခြေသံ။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၈ )

သူ အခန်းထဲ ဝင်လာသည်။ ကစ်တီ လက်တွေတုန်ပြီး ရင်တွေ ခုန်နေသည်။ တော်ပါသေးသည်။ ဆိုဖာပေါ်မှာ ထိုင်နေလို့ စာအုပ်တအုပ်ကို ဖတ်နေဟန်ဆောင်ပြီး ပွင့်လျက်သား ကိုင်ထားသည်။ သူက ဝင်မထိုင်ဘဲ မတ်တတ်က ကြည့်နေသည်။ မျက်လုံးချင်း ဆုံမိကြ၍။ ကစ်တီ ရင်ထဲ နင့်သွားသည်။ ကျောထဲ စိမ့်သွားပြီး ခြေတွေလက်တွေ မသယ်ချင်အောင် ဖြစ်သွားသည်။ သူ့မျက်နှာတွေ သွေးမရှိတော့သလို ဖြူရော်နေသည်။ သူ့ကို သည်လိုပုံစံဖြင့် တခါ မြင်ဖူးသည်။ ပန်းခြံထဲတွင် ထိုင်ပြီး လက်ထပ်ခွင့် တောင်းတုန်းက ဖြစ်၏။ သူ အားလုံး သိနေပြီလား။

"ပြန်လာတာ စောလှချေလား"

ကစ်တီက စပြောလိုက်သည်။

နှုတ်ခမ်းတွေ တုန်နေသည်။ မနည်းကြိုးစားပြီး ပြောလိုက်ရခြင်း ဖြစ်၏။ အရမ်းကြောက်နေသည်။

"ခါတိုင်း အချိန်ပါပဲ"

သူ့အသံ တမျိုးဖြစ်နေသည်ဟု စိတ်ထဲ ထင်လိုက်၏။ တုန်တုန်ယင်ယင်ဖြစ်နေတာ သူများ သတိထားမိသွားပြီလားဟု ကစ်တီ စိုးရိမ်သွားသည်။ သူက မျက်လွှာချပြီး ပြောသည်။

"အဝတ်အစား သွားလဲလိုက်ဦးမယ်" ဟု ဆိုပြီး ထွက်သွားသည်။

mgyoe.com

နှစ်မိနစ်၊ သုံးမိနစ်လောက် မလှုပ်ရဲဘဲ ကစ်တီ ငြိမ်နေသည်။ ပြီးမှ ကြိုးစားပြီး ဆိုဖာပေါ်မှ ထလိုက်သည်။ ပြီးတော့ အခန်းကို မနည်းကြိုးစားပြီး လျှောက်ပြန်ခဲ့ရသည်။ လက်ဖက်ရည်ချိန် ဝတ်စုံကို လဲပြီး သူ့ကိုယ်ပိုင် ညှော်ခန်းဘက် ကူးခဲ့သည်။ (ညှော်ခန်းကြီးကို ပွဲလုပ်သည့်အခါ ညှော်သည်တွေ ထိုင်ဖို့သာ အသုံးပြုသည်) စိတ်ကို တင်းပြီး သူ ကူးလာခဲ့ခြင်း ဖြစ်၏။

"အောက်ဆင်းကြမလား၊ ညစာ အဆင်သင့်ပဲတဲ့"

"မင်း ကိုယ့်ကို စောင့်နေတာလား"

နှုတ်ခမ်းတွေမတုန်အောင်ကစ်တီမနည်းကြိုးစားပြီးထိန်းနေရသည်။

နှစ်ယောက်သား ဘာမှ မပြောဘဲ ထိုင်နေကြသည်။ အတန်ကြာမှ သူ စကားစသည်။

"ဘုရင်မကြီး ဒီနေ့ မရောက်နိုင်ဘူးတဲ့၊ မုန်တိုင်းကြောင့်လား မသိဘူး"

"ဒီနေ့ ရောက်ရမှာလား"

"ဟုတ်တယ်"

ကစ်တီက သူ့ကို ရံခါ လှမ်းကြည့်သည်။ သူက သူ့ပန်းကန်ပြားကိုသာ စိုက်ကြည့်နေသည်။ ပြီးတော့ တင်းနစ်ပွဲအကြောင်း လျှောက်ပြောနေသည်။ သူ့အသံကတော့ ခါတိုင်းလိုပဲ ကြည်ကြည်လင်လင် ရှိနေသားပဲ။ သူက စကားကို လေသံ အနိမ့်အမြင့်မရှိ ပြောနေသည်။ သူ့အသံက ဟိုအဝေးကြီးမှလာသည့် အသံနှင့် တူနေသည်။ ထူးဆန်းသည်က သူ့အကြည့်။ ပန်းကန်နှင့် စားပွဲကိုသာ စိုက်ကြည့်နေ၏။ ရံခါတွင် နံရံပေါ်က ပုံတွေကို လှမ်းကြည့်သည်။ မိန်းမနှင့် လုံးဝ မျက်နှာချင်း မဆိုင်။ ဩော်... ငါ့ကို ကြည့်ဖို့ သူ့မှာ အင်အား မရှိတော့ဘူး ထင်ပါရဲ့ဟု ကစ်တီ တွေးကြည့်သည်။

ညစာစားပြီးတော့ သူက ပြောသည်။

"အပေါ်ထပ် ပြန်တက်ကြမလား"

"သဘောလေ"

ကစ်တီ ထရပ်တော့ သူက တံခါးဖွင့်ပေးသည်။ မျက်လုံးတွေက ကြမ်းပြင်မှာ စိုက်လျက်။ ကစ်တီ ညှော်ခန်းထဲရောက်တော့ သူက ရုပ်စုံသတင်းစာကို ယူဖတ်သည်။

"ဒါ သတင်းစာအသစ်လား၊ ကိုယ် မတွေ့ဖူးသေးဘူး"

mgyoe.com

"မသိဘူး၊ သတိမထားမိဘူး"

သည်စာစောင် အိမ်ရောက်နေသည်မှာ နှစ်ပတ်လောက် ရှိပြီ။ ကစ်တီက ဟိုလှန် သည်လှန်နှင့် ခပ်ရှုန်ရှုန် ဖတ်ကြည့်ရုံပင်။ သူက ဝင်ထိုင်သည်။ စောစောက ဆိုဖာပေါ် တွင် ကစ်တီ ပြန်လှဲနေလိုက်သည်။

ခါတိုင်း ညနေခင်းများတွင် သူတို့နှစ်ယောက်တည်း ဆိုလျှင် အပျင်းပြေဖဲကစားတတ်ကြသည်။ သူက ပက်လက်ကုလားထိုင်တွင် သက်သောင့်သက်သာ ထိုင်ပြီး သတင်းစာကို အာရုံစိုက်ကြည့်နေသည်။ ဘယ်စာမျက်နှာမှ မလှန်ဘဲ ကြည့်နေခြင်း ဖြစ်သည်။ ကစ်တီကလည်း စာဖတ်ဖို့ ကြိုးစားသည်။ သို့သော် စာလုံးတွေ ဝါးနေသည်။ ခေါင်းတွေ ကိုက်လာသည်။

သူ ဘယ်တော့ စကားပြောမှာပါလိမ့်။

နှစ်ယောက်သား ဘာမျှ မပြောဘဲ ထိုင်နေသည်မှာ တနာရီရှိပြီ၊ ဖတ်လက်စဝတ္ထုစာအုပ် ပေါင်ပေါ် ပြုတ်ကျလာသည်။ ဆက်ဖတ်ဖို့ မကြိုးစားတော့။ လေဟာပြင်ထဲသို့ ငေးကြည့်နေမိ၏။ လှုပ်ရှားဖို့ အသံထွက်ဖို့ ကြောက်နေ၏။ သူကလည်း စာမျက်နှာပေါ်မှ ပုံတွေကို ကြည့်ပြီး တုတ်တုတ်မျှ မလှုပ်။ သူ ငြိမ်နေလေ ကစ်တီ အနေရခက်လေ ဖြစ်လာသည်။

သူ ဖြုန်းခနဲ ထရပ်လိုက်တော့ ကစ်တီ လန့်သွားသည်။ လက်နှစ်ဖက် တင်းတင်းဆုပ်ထားလိုက်ပြီး အားတင်းလိုက်သည်။ တိုက်ပွဲ စပြီဟု မှတ်လိုက်သည်။

သူက အနိမ့်အမြင့် မရှိသည့် အသံဖြင့် ပြောလိုက်သည်။

"ကိုယ့်မှာ လုပ်စရာတွေ ပါလာတယ်၊ စာကြည့်ခန်းထဲ သွားတော့မယ်၊ ကိုယ် ပြန်ထွက်လာရင် မင်း အိပ်ပျော်နေလောက်ပါပြီ"

"ဟုတ်တယ်၊ ဒီနေ့ ပင်ပန်းသွားတယ်"

"ဂွဒ်နိုက်"

ပြောပြီး အခန်းထဲမှ ထွက်သွားတော့သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁၉ )

နောက်တနေ့ မနက်တွင် သူ ရုံးထွက်သွားသွားချင်း တောင်းဆင်းရုံးသို့ ကစ်တီ ဖုန်းကောက်ဆက်သည်။

"အင်း… ဘာထူးလဲ"

"ခု တွေ့ချင်တယ်"

"ဟာ… ကိုယ် အရမ်းအလုပ်များနေတယ် ဒါလင်၊ ဒါ အလုပ်ချိန်လေ ကွယ်"

"သိပ်အရေးကြီးနေလို့၊ ရုံးကို လာခဲ့ရမလား"

" ဟာ… မလုပ်နဲ့လေ၊ မလုပ်သင့်ဘူးလေ"

"ဒါဆို မောင် လာခဲ့"

"ဘယ်လာလို့ရမလဲ၊ ညနေပိုင်းကျမှ တွေ့မယ်လေ၊ အိမ်လာလို့လည်း မကောင်းတော့ဘူး မဟုတ်လား"

"ခုချက်ချင်း တွေ့ချင်နေတာ"

တဖက်က တိတ်သွားသည်။ လိုင်းများ ပြတ်သွားပြီလား။

ကစ်တီ ရင်ထဲ ထိတ်သွားသည်။

"မောင် နားထောင်နေတယ်နော်"

စိုးရိမ်တကြီး မေးလိုက်သည်။

mgyoe.com

mgyoe.com

"အင်းပါ... ကိုယ် စဉ်းစားနေတာ၊ တခုခု ဖြစ်လို့လား ဟင်"

"ဖုန်းထဲမှာ မပြောချင်ဘူး"

တခါ ငြိမ်သွားပြန်သည်။

"ဒီမယ် နားထောင်၊ နေ့ခင်း တနာရီမှာ ဆယ်မိနစ်လောက်တွေ့နိုင်အောင် လုပ်မယ်၊ မင်း ကူချောင်းဆိုင်ကို သွားနှင့်၊ ကိုယ် ခဏ ပြေးလာခဲ့မယ်"

"ဟို ရှေးဟောင်းပစ္စည်းဆိုင် အပေါ်ထပ်လား"

ကစ်တီ စိတ်ပျက်လက်ပျက် ပြန်မေးလိုက်သည်။

"ဟောင်ကောင်ဟိုတယ် နားနေခန်းမှာတော့ ဒီအချိန် ဘယ်ဖြစ်မလဲ"

သူ့အသံတွင် စိတ်ပျက်သည့်လေသံ ပါနေကြောင်း ကစ်တီ သတိထားလိုက်မိသည်။

"ကောင်းပြီလေ၊ ကူချောင်းဆိုင်ကိုပဲ လာခဲ့မယ်"

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂၀ )

ဝိတိုရိယ လမ်းချိုးတွင် လန်ချားပေါ်မှ ဆင်းလိုက်ပြီး လမ်းကြားကလေးအတိုင်း လျှောက်ကာ ရေးဟောင်းပစ္စည်းဆိုင်ကလေးဆီ လာခဲ့သည်။ ဆိုင်ပြင်ဘက်တွင် ခဏ ယောင်လည်လည် လုပ်နေတုန်း ဆိုင်က ကောင်လေးတယောက်က သူ့ကို မှတ်မိသွားပြီး ဆိုင်ရှင်တရုတ်ကို လှမ်းပြောလိုက်သည်။ မျက်နှာပြုံပြုံနှင့် ဆိုင်ရှင် တရုတ် ထွက်လာပြီး ကြိုသည်။

"မာစတာ တောင်းဆင်း မရောက်တေးဘူး ခင်ဗျ၊ လာ...အထဲဝင် စောင့်ပါ အစ်မ"

အမှောင်ထဲမှ လေ့ကားအထိ သူက လိုက်ပို့ပေးသည်၊ စန္ဒကူးသား သေတ္တာပေါ်တွင် ကစ်တီ ထိုင်စောင့်နေရသည်။ စိမ်းရွှေရွှေ ဘိန်းနံ့ ဟောင်နေသည့် စုတ်စုတ် ပြတ်ပြတ် အခန်း။

ခဏနေတော့ ခြေလှမ်းကျဲကြီးတွေနှင့် တက်လာသည့် သူ့ခြေသံကို ကြားရသည်။ သူက အခန်းထဲဝင်လာပြီး တံခါးကို နောက်ပြန် ပိတ်ခဲ့သည်။ ဝင်လာတုန်းက မျက်နှာထား မှာ အခန်းထဲ ရောက်သည်နှင့် ချက်ချင်း ပြောင်းသွားသည်။ မျက်နှာပေါ်သို့ စွဲမက်ချင်စရာ အပြုံး ချက်ချင်း ရောက်လာသည်၊ ချက်ချင်း ရင်ခွင်ထဲ ဆွဲသွင်းပြီး နှုတ်ခမ်းအစုံကို မွတ်မွတ်သိပ်သိပ် နမ်းသည်။

"ကဲ... ဆို၊ ဘာတွေ ဖြစ်လာသလဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ကို ပြုံးပြုံးကလေး ပြန်ဖြေလိုက်သည်။

"ခုတော့ ဘာမှ မဖြစ်တော့ဘူး"

သူက ခုတင်ပေါ် ဝင်ထိုင်ပြီး စီးကရက်တလိပ် ထုတ်ညှိသည်။

"ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာတွေ ချောင်ကျလို့"

"ကျမှာပေါ့၊ တညလုံး တရေးမှ မအိပ်ရဘူး"

သူက စိုက်ကြည့်နေသည်။ ပြုံးနေတုန်း သူ့အပြုံးက ခါတိုင်း အပြုံးမျိုး မဟုတ်။ သူ့မျက်လုံးထဲတွင် စိုးရိမ်စိတ်တွေကို တွေ့ရသည်။ ကစ်တီ့ စိတ်ထဲ ရှိသည့် အတိုင်း ပြောလိုက်သည်။

"သူ သိသွားပြီ"

ခဏ ငြိမ်သွားပြီးမှ သူ တုံ့ပြန်သည်။

"ဘာပြောသေးလဲ"

"ဘာမှ မပြောဘူး"

သူက ဖျတ်ခနဲ လှမ်းကြည့်ပြီး–

"ဘာ၊ ဒါဆို သူ သိသွားပြီလို့ မင်း ဘယ်လိုလုပ် ပြောနိုင်လဲ"

"သူ့ပုံကို ကြည့်ပြီး သိတာပေါ့၊ ညစာစားရင်း သူ့ပြောပုံတွေကို အကဲခတ် ကြည့်တာလေ"

"သူ ဒေါပွနေလား"

"ဟင့်အင်း... အဲဒီလို မဟုတ်ဘူး၊ ခါတိုင်းထက်တောင် ယဉ်ကျေးနေ သေးတယ်၊ ကစ်တီ့ကို မနမ်းဘဲ အိပ်ရာ ဝင်သွားတယ်၊ ညားကတည်းက တခါမှ အဲဒီလို မလုပ်ဘူး"

ပြောပြီး ကစ်တီ မျက်လွှာချလိုက်သည်။ သူ နားလည်နိုင်ပါ့မလား မသိ ဘူး။ ဝေါ်လ်တာက သူ့တကိုယ်လုံး ပူနွေးလာသည်အထိ အနမ်းရှည်ကြီးဖြင့် နှုတ်ဆက်တတ်သည်။

"သူ ဘာလို့ ဘာမှ မပြောတာလဲလို့ မင်း ထင်လဲ"

"မသိဘူးလေ"

နှစ်ယောက်သား ငြိမ်သွားကြသည်။ ကစ်တီက သေတ္တာပေါ်တွင် ထိုင်နေ ဆဲ။ သူ့ကို အထိတ်တလန့် ကြည့်နေဆဲ။ သူ့မျက်နှာ ပြန်တည်သွားသည်။ မျက်ခုံး မွေး နှစ်ဖက် တွန့်သွားသည်။ ပြီးတော့ ဣန္ဒြေ ပြန်ဆည်ပြီး–

mgyoe.com

mgyoe.com SAMPLE BOOK

"သူ ဘာမှ ပြောချင်မှ ပြောလိမ့်မယ် ထင်တယ်"

ကစ်တီ ဘာမှ ဝင်မပြောဘဲ ငြိမ်ပြီး နားထောင်နေသည်။ သူ ဘာဆိုလို မှန်း မသိ။

"ဒီလိုကိစ္စမျိုးတွေကို မမြင်ချင်ယောင်ဆောင်နေတဲ့ လူမျိုးတွေ ရှိတယ်၊ ပြဿနာ လုပ်လို့ သူ့အတွက် ဘာအကျိုးရှိမှာလဲ"

"မနေ့ညက သူ့မျက်နှာကို မောင် မြင်စေချင်တယ်"

"သူ စိတ်ပျက်နေမှာပေါ့၊ ချောက်ချားနေမှာပေါ့၊ ဒါ သဘာဝကျပါတယ်၊ လူတယောက်အတွက် ရက်ဖို့အကောင်းဆုံး အခြေအနေပဲ၊ ဒါပေမဲ့ သူဟာ သူများ မကောင်းကြောင်း လူတောသူတောထဲမှာ ပြောတတ်တဲ့ လူစားမျိုးတော့ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ အတွေးအခေါ်ရှိတဲ့ လူပါ"

"ကိုယ်တို့ အခြေအနေ မဆိုးသေးပါဘူးကွာ၊ လူတယောက်ဟာ ဒီလို အခြေအနေမျိုး ရောက်ရင် ဘာလုပ်ရမယ် ဆိုတာ သိပါတယ်၊ သူ မသိချင်ယောင် ဆောင်နေမှာပါ"

တောင်းဆင်းတယောက် ပြောရင်းပြောရင်း ပေါ့ပေါ့ပါးပါး ဖြစ်လာ သည်။ သူ့ကိုယ် သူ ယုံကြည်မှု ရှိလာသည်။

"သူ့အကြောင်း ကိုယ် သိပ်မပြောချင်ပါဘူး၊ ဒါပေမဲ့ အမှန်အတိုင်း ပြောရ ရင် ဓာတ်ခွဲခန်း ဆရာဝန်တယောက်ရဲ့ ဘဝဟာ သိပ်တော့ အရေးမပါလှဘူး၊ ကိုယ့် အခြေအနေနဲ့ တခြားစီ ဖြစ်နေတယ်၊ ကိုယ်က အတွင်းဝန်ဖြစ်ဖို့ သေချာနေပြီ လေ၊ ဒီတော့ သူ့အနေနဲ့ ကိုယ်နဲ့ အဆင်ပြေဖို့ လိုတယ်လေ၊ လူတိုင်း လူတိုင်း ထမင်းအိုးက အရေးကြီးဆုံး မဟုတ် လား၊ ကိုလိုနီတိုင်းပြည်တွေမှာ ဘုရင်ခံရုံး နဲ့ အဆင်ပြေဖို့ အဓိကလေ၊ တကယ်ပြောတာ၊ သူ တိတ်တိတ်ကလေး နေနိုင်မှ သူ့အတွက် အခွင့်ပွာယ် ရှိလိမ့်မယ်"

ကစ်တီတယောက် စိတ်မသက်မသာဖြင့် အခြေအနေကို နားလည်လာ သည်။ ဝေါ်လ်တာ ဘယ်လောက် ရက်တတ်မှန်း သိသည်လေ။ ထို့ကြောင့် ရက်စရာ ဖြစ်လာမည့် ကိစ္စတွေ သူ့အနေနှင့် လုပ်မည် မဟုတ်ဟု ကစ်တီ ယုံကြည်လိုက် သည်။

"ကစ်တီ့ကို သူ သိပ်ချစ်တယ်လို့ မောင် ထင်သလား ဟင်"

mgyoe.com

mgyoe.com SAMPLE BOOK

သူ မဖြေ။ ပြုံးပြီး ပြန်ကြည့်နေသည်။ ဖျံတကောင်၏ မျက်လုံးများ။ သည်မျက်လုံးတွေကို ကစ်တီ ချစ်နေခြင်း ဖြစ်သည်။

"ပြောလေ၊ တခုခုပြောမလို့ မဟုတ်ဘူးလား"

"ဒီမယ် ဒါလင်၊ မိန်းမတွေဟာ သူတို့ကို ယောကျ်ားတွေက အရူးအမူး ဖြစ်နေတာချည်းပဲ ထင်ကြတာ ဓမ္မတာပဲ"

ပထမဆုံးအနေဖြင့် ကစ်တီ ရယ်လိုက်သည်။ သူ အခိုင်အမာ ပြောနေပုံကို သဘောကျ၍ ဖြစ်၏။

"ပြောပုံကလည်း ပီသာလေးနဲ့ ဘေးပစ်တာထက် ဆိုးသေး"

"ဒါပေမဲ့ မင်း အခုတလော သူ့ကို သိပ်ဂရုမစိုက်ဘူး၊ သူကလည်း မင်း ထင်သလောက် မင်းကို ချစ်တာ ဟုတ်ချင်မှ ဟုတ်မှာပေ့ါ"

"မောင်လည်း အတူတူပဲ မဟုတ်လား၊ ရှင်တို့ ယောကျ်ားတွေဟာ..."

"အဲဒါတော့ မင်း မှားသွားပြီ"

သူ ပြောပုံကြောင့် ကစ်တီ့ရင်ထဲ နွေးသွားသည်။ သူ ဘယ်လို ချစ်တတ်သည်၊ ဘယ်လောက် ချစ်တတ်သည်ကို သိတာပေ့ါ။ သူက အိပ်ရာပေါ်မှ ထလာပြီး သေတ္တာပေါ် ယှဉ်လျက် လာထိုင်သည်။ ပြီးတော့ ခါးကို သိုင်းဖက်လာသည်။

"အဲဒီအတွက် လုံးဝ မစိုးရိမ်နဲ့ မိန်းကလေး၊ လုံးဝကို မစိုးရိမ်လေနဲ့၊ ကိုယ် ကတိပေးတယ်၊ ဘာမှ တွေးကြောက်နေစရာမျိုးလည်း မဖြစ်စေရဘူး၊ သူ ဘာမှ မသိသလို နေလိမ့်မယ်၊ ဒီကိစ္စမျိုးက သက်သေပြစရာလည်း ရှိမှ မရှိတာ၊ ပြီးတော့ မင်း ပြောသလို မင်းကို သူ သိပ်ချစ်တော့ ဘယ်တော့မှ အဆုံးခံမှာ မဟုတ်ဘူး၊ သူ့နေရာမှာ ကိုယ်ဖြစ်နေပြီး မင်းက ကိုယ့်မိန်းမ ဆိုရင်လည်း အလားတူပဲ၊ လုံးဝ အဆုံးမခံနိုင်ဘူး"

သူ့ဘက်ကို မှီနွဲ့လိုက်သည်။ သူ့ရင်ခွင်ထဲ ရောက်သွားရင် အရည်ပျော်တော့မလို ဖြစ်သွားသည်သာ။ ရင်ထဲ နင့်နေအောင် ချစ်ရတယ် မောင်ရယ်။ အသွေးယူယူ၊ အသားယူယူပါကွယ်။ သူ့လည်ပင်းကို မြတ်နိုးစွာ တွဲခိုလိုက်သည်။

"သိပ်ချစ်ဖို့ကောင်းတာပဲ၊ မောင့်အနားမှာဆိုရင် ဘာပြဿနာမှ မရှိတော့သလိုပဲ၊ ကစ်တီလေ သစ်ရွက်ကလေး တရွက် ဖြစ်သွားသလိုပဲ"

သူက ကစ်တီ့ မျက်နှာကလေးကို လက်နှစ်ဖက်နှင့် ညှပ်ပြီး နှုတ်ခမ်းတွေကို အားရပါးရ နမ်းတော့သည်။ ပြီးတော့ ရှိုက်မောသံဖြင့် ခေါ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါလင်"

"မောင်... မောင့်ရင်ခွင်ထဲမှာဆို သိပ်လုံခြုံသလိုပဲ၊ ပျော်လည်း ပျော်တယ်ကွယ်"

"ဘာမှ တွေးမကြောက်နဲ့တော့နော်၊ ဒါလင့်အနားမှာ မောင် တယောက်လုံး ရှိနေတယ် ဆိုတာ အမြဲ မှတ်ထားနော်၊ မောင့်အချစ်ကလေး ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူး၊ သိလား"

ကစ်တီ့ ရင်ထဲ ပေ့ါသွားသည်။ ဝေါလ်တာ ကွာရှင်းပေးပါစေဟု ဆုတောင်းလိုက်သည်။

"သိပါတယ် မောင်ရယ်၊ မောင်ဟာ ကစ်တီ့ ဘဝပါနော်"

"အဲဒီလိုပဲ ဖြစ်ရမှာပေ့ါ"

"မောင် နေ့လယ်စာ စားချိန် ရောက်ပြီလေ"

"အို... နေ့လယ်စာ ဘာလုပ်ဖို့လဲ"

အတင်းပွေ့ယူလိုက်ပြီး နမ်းပြန်သည်။

"အသက်ရှုကျပ်လာပြီ မောင်ရယ်၊ လွှတ်ပါဦးကွယ်"

"မလွှတ်ဘူး၊ ဘယ်တော့မှ မလွှတ်ဘူး"

ကစ်တီ တိုးတိုးလေး ရယ်သည်။ သူ့မျက်လုံးတွေက ရမ္မက်ခိုးတွေ လျှံနေပြီ။ ချစ်သူ့ ကိုယ်ကလေးကို ဇွေ့ခနဲ ကောက်ပွေ့ပြီး တံခါးဝပေါက်ဆီ လျှောက်သွားကာ မင်းတုပ် ထိုးလိုက်သည်။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂၁ )

တညနေလုံး ချာလီ ပြောသွားသည့် ဝေါ်လ်တာ့ အကြောင်းတွေ ပြန်စဉ်းစားနေသည်။ သူ ကလပ်မှ ပြန်လာလျှင် အပြင်ထွက်ပြီး ညစာစားဖို့ စီစဉ်ထားသည်။ အဝတ်လဲနေတုန်း သူ တံခါးခေါက်သည်။

"ဝင်ခဲ့လေ"

သူက ဖွင့်ပြီး ဝင်မလာ။

"ကိုယ် အဝတ်အစား သွားလဲလိုက်ဦးမယ်၊ ပြီးတော့ တန်းထွက်မယ်၊ မင်း ဘယ်လောက် ကြာဦးမလဲ"

"ဆယ်မိနစ်"

နောက်ထပ် ဘာမှ မပြောတော့ဘဲ သူ့အခန်းဆီ ထွက်သွားသည်။ သူ့လေသံက မနေ့ကအတိုင်း ခပ်ပြတ်ပြတ်။ ထင်တဲ့အတိုင်းပါပဲ။ သူ သိနေပါပြီဟု ကစ်တီ အတည်ပြုလိုက်သည်။ သူ မရောက်ခင် ကစ်တီက ကားထဲ ဝင်ထိုင်နေနှင့်လိုက်သည်။

သူ ရောက်လာတော့ ပြောသည်။

"စောင့်နေရတာ ကြာပြီလား"

ပြုံးပြုံးလေးနှင့် ပြန်ပြောလိုက်သည်။

"ရပါတယ်၊ ဒါလောက်တော့"

mgyoe.com

mgyoe.com
SAMPLE BOOK


တောင်ပေါ်မှ အဆင်းလမ်းတွင် ကစ်တီ သတိထားပြီး သူ စကားပြောသည့် လေသံကို လေ့လာသည်။ သိသိသာသာ တိုတောင်းနေသည်။ စိတ်ထဲ စနိုးစနောင့် ဖြစ်သွားပြီး တယောက်တည်း ပခုံးတွန့်လိုက်သည်။ နောက်ထပ် ဘာမှ မပြောတော့ဘဲ သူ ဆက်မောင်းလာရာ တည်ခင်းထားသည့် ထမင်းစားပွဲကြီးသို့ ရောက်လာခဲ့သည်။ လူတွေကလည်း အများကြီး၊ ဟင်းပွဲ တွေကလည်း မနည်းမနော။ ကစ်တီက အိမ်နီးနားချင်း မိတ်ဆွေတွေနှင့် စကားလက်ဆုံကျနေသည်။ ဝေါလ်တာကို လှမ်းအကဲခတ်လိုက်တော့ သူ့ မျက်နှာ ဖယောင်းရုပ်အတိုင်း။

နံဘေးမှ အမျိုးမျိုး ဝေဖန်နေကြသည်။

"မင်းယောက်ျား ကြည့်ရတာ အလုပ် အရမ်းပင်ပန်းနေပုံပဲ၊ ဒီက အပူဒဏ်ကို သူ မမှုသလိုပဲနော်"

"သူက အလုပ်ကို ဘိန်းစွဲသလို စွဲနေတာ"

"မင်းတို့ ခရီးထွက်ကြမလို့ဆို"

သည်တော့ ကစ်တီ တခုခု ပြောရတော့သည်။

"အင်း... ဂျပန်ကို သွားဖြစ်လိမ့်မယ် ထင်တယ်၊ ဆရာက ပြောတယ်၊ ဒီအပူဒဏ်ကို ကျွန်မ မခံနိုင်ဘူးတဲ့၊ အရည်ပျော်သွားလိမ့်မယ် တဲ့"

ညစာ စားတော့ ဝေါလ်တာက ခါတိုင်းလို တချက်တလေမျှ ပြုံးပြဖော် မရ။ ဘေးက လူတွေနှင့်လည်း မေးထူး ခေါ်ထူးပင်။ စားပွဲပြီးလို့ ဆင်းလာခဲ့ကြသည်။ ကားပေါ် ပြန်ရောက်သည်အထိ သူ မျက်နှာလွှဲထားသည်ကို သတိထားမိသည်။ အိမ်ရောက်လို့ ကားပေါ်က ဆင်းတော့ ဝတ်မပျက် ယဉ်ကျေးစွာ တံခါးဆင်းဖွင့်ပေးသည်။ လက်တွဲ ဆင်းသည်။

စားသောက်နေစဉ် သူ့နံဘေးက မိန်းမတွေနှင့် စကားပြောနေတုန်းကလည်း အရယ်အပြုံး မရှိ၊ ပကတိ အေးစက်စက်။ မျက်လုံးတွေကတော့ ဖြူရော်ရော် မျက်နှာပေါ်မှ ကျောက်မီးသွေးတုံး နှစ်တုံးအလား။

"သူများတွေနဲ့ကျတော့ စကားပြောဖော် ရသားပဲ" ဟု ကစ်တီ စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးလိုက်သည်။

ဟုတ်ပါတယ်။ သူ သိပြီးပါပြီ။ သေချာပါတယ်။ သူ ငါ့ကို ဒေါသဖြစ်နေပြီ။ ဒါကြောင့် စကား မပြောတော့တာပေ့ါ။ ချစ်လွန်းလို့ သူ့ကို ထားခဲ့မှာ စိုးနေတာလား။ သည်လိုတွေးမိတော့ သူ့ကို ပိုပြီး စိတ်ပျက်လာသည်။ ပစ်ပစ်ခါခါကြီး တော့ မဟုတ်။ လင်ယောက်ျား အရင်းကြီးကိုး။ ကရုဏာဒေါသ သဘောမျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

တခမ်းတနား တဆောင်တယောင် ထားပေးထားသည် မဟုတ်လား။ ပြီး သူတို့ အရေးကို ဘာမျှ ဝင်မနှောင့်ယှက်ဘူးလေ။ ချာလီပြောသည့် အတိုင်းပင်။ သူ မသိချင်ယောင် ဆောင်ပေးနေသည်လေ။ သူက စကားနည်းရုံ မဟုတ်။ စကားကို မပြောချင်သည့် လူစား။ တခါတုန်းက သူ ပြောဖူးတာ ကစ်တီ မှတ်မိနေသည်။ တခါတွင် တာဝန်အရ အမှုတခုအတွက် တရားရုံးတွင် ခုတ်ခွဲခန်းနှင့် ပတ်သက်၍ သက်သေခံရမည် ဆို၏။ ရုံးချိန်းရက်မတိုင်မီ တပတ်လုံးလုံး သူ အိပ်မပျော်ဘူး တဲ့လေ။ လူတော မတိုးခြင်းနှင့် ရှက်စိတ်လွန်ကဲခြင်းမှာ သူ့တွင် ရောဂါတခုလို ဖြစ်နေသည်။

ချာလီက ဟောင်ကောင် အထက်တန်းလွှာတွင် အလွန်ရေပန်းစားသူ။ မကြာခင် ဘုရင်ခံဖြစ်မည့် လူ။ ဝေါလ်တာကို အကူအညီ အများကြီးပေးနိုင်သူ။ သို့သော် ဝေါလ်တာအနေဖြင့် သူ့ဆီက အကူအညီယူဖို့မှာ အလွန်ခက်ခဲသည့် ကိစ္စကြီး ဖြစ်နေလိမ့်မည်။

သူ့ချစ်သူ၏ ခွန်အားနှင့် အကွက်မြင်ပုံတွေကို တွေးပြီး ကစ်တီ ကြည်နူးမဆုံး ဖြစ်နေသည်။ ဘယ်လောက် အားကိုးရပြီး ဘယ်လောက် ချစ်ဖို့ကောင်းတဲ့ ချစ်သူလဲ။ သူ့လက်မောင်းတွေနဲ့ သူ့ရင်ခွင်အကြောင်း တွေးလိုက်လျှင် တကိုယ်လုံး နွေးလာတတ်သည်။ ဝေါလ်တာနှင့် တခြားစီ။

ညစာဝိုင်းတွင် အနီးအနားမှ အမျိုးသမီးတွေနှင့် အလိုက်အထိုက် စကား ပြောနေရပေမယ့် ဝေါလ်တာ စိတ်ထဲတွင် တယောက်တည်း နေရသည့် အတိုင်းပင်။ သူ့ရှေ့တည့်တည့်သို့သာ စိုက်ကြည့်နေသည်။ ပတ်ဝန်းကျင်ကို လုံးဝ မေ့နေသည့်အလား။ သူ့မျက်လုံးတွေက ကြေကွဲနေသည်။ ကစ်တီ့ကို အလန့်တကြား ဖြစ်စေသည့် မျက်လုံးများ။

▲

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂၂ )

နောက်တနေ့ နေ့လယ်စာ စားပြီး အိပ်ငိုက်နေတုန်း တံခါးခေါက်သဖြင့် အလန့်တကြား မေးလိုက်သည်။

"ဘယ်သူလဲ"

ဒီအချိန်ကြီး ဘယ်သူပါလိမ့်။ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

"ကိုယ်ပါ"

ဟင်... သူပါလား။ ကတိုက်ကရိုက် ထထိုင်လိုက်ပြီး–

"ဝင်ခဲ့လေ"

"အိပ်ပျော်နေလား"

သူ မေးရင်း ဝင်လာသည်။

"အင်း... အိပ်ပျော်နေတာပါ"

ပြန်ပြောရင်း ခုတရက်၊ နှစ်ရက်အတွင်း အဖြစ်အပျက်တွေကို ပြန်မြင်လာသည်။

"ဟိုဘက်အခန်း လာခဲ့ပါလား၊ ခဏ စကားပြောရအောင်"

ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ခဏလေး ဝတ်ရုံစွပ်ပြီး လာခဲ့မယ်"

သူ ထွက်သွားတော့ ကီမိုနိုကောက်ဝတ်ပြီး မှန်ထဲကို လှမ်းကြည့်လိုက်သည်။ မျက်နှာတခုလုံးသွေးဆုတ်နေသလို။ ပြီးမှ စိတ်တင်းပြီး ထွက်လာခဲ့သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒီအချိန်ကြီး ဘယ်လိုလုပ်ပြီး ထွက်လာတာလဲ"

"ထိုင်ပါဦးကွာ"

ထိုင်ပါ ပြောသော်လည်း မကြည့်။ ကစ်တီ ဒူးတွေ မခိုင်ချင်သလို ဖြစ်လာသည်။ ဘာမှ ဆက်ပြောမထွက်တာနဲ့ ငြိမ်ပြီး ထိုင်နေလိုက်သည်။ သူက ထိုင်ပြီး စီးကရက်တလိပ် ညှိသည်။ ပြီးတော့ အခန်းထဲကို ဝေ့ကြည့်သည်။ အစရ ခက်နေပုံ။ ပြီးမှ မိန်းမကို ကြည့်သည်။ အကြာကြီး စိုက်ကြည့်နေတော့ ကစ်တီ ဂနာ့ အေးမတတ် ဖြစ်သွားသည်။

နောက်မှ သူ စကားစသည်။

"မေတန်ဖူး သတင်း ကြားပြီးပြီလား၊ သတင်းစာတွေထဲတော့ ရက်ဆက် ပါနေတယ်"

ကစ်တီ သူ့ကို အထိတ်တလန့် လှမ်းကြည့်လိုက်သည်။ မျှော်လင့်ထားသည်နှင့် တခြားစီ ဖြစ်နေ၍ ကြောင်သွားခြင်း ဖြစ်သည်။

"ဝမ်းရောဂါတွေ ဖြစ်နေတဲ့နေရာလား၊ ညက ပြောနေသံတော့ ကြားတယ်"

"အကြီးအကျယ် ဖြစ်နေတယ်၊ နှစ်ပေါင်းများစွာအတွင်း အဆိုးဆုံးတဲ့၊ ဟိုမှာ သာသနာပြု ဆေးအဖွဲ့ ရှိတယ်၊ အဖွဲ့ခေါင်းဆောင် သေတဲ့အထဲ ပါသွားပြီတဲ့၊ အဲဒီက အကောက်ခွန်အဖွဲ့တွေ၊ ပြင်သစ် သီလရှင်တွေ အားလုံး ပြန်လာကြပြီတဲ့"

သူ့မျက်လုံးတွေ ကစ်တီ့ထံတွင် စိုက်နေဆဲ၊ သည်တော့ ကစ်တီ မျက်လွှာ အချရ ခက်နေသည်။ သူ ဘာပြောချင်တာပါလိမ့်။ သို့သော် စိတ်တွေ လှုပ်ရှားနေ၍ သူ့ကို အကဲခတ်မရ ဖြစ်နေသည်။ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေတာ သိသည်။ မျက်တောင်မခတ်တမ်း ကြည့်နေခြင်းမျိုး။

"ပြင်သစ် သီလရှင်တွေလည်း တတ်နိုင်သလောက် လုပ်ကြတာပဲတဲ့၊ မိဘမဲ့ကျောင်းကို ဆေးရုံ လုပ်ထားရတယ် တဲ့၊ ဒါပေမဲ့ လူတွေက ယင်ကောင်တွေ သေသလို သေနေကြတယ်တဲ့၊ ကိုယ် အဲဒီသွားဖို့ အထက်ကို တင်လိုက်ပြီ၊ အဖွဲ့ခေါင်းဆောင် တာဝန်ယူရမယ်"

"ဘာ... ရှင် သွားမယ်၊ ဟုတ်လား ဝေါ်လ်တာ"

သူ အထိတ်တလန့် မေးလိုက်သည်။ ပထမတော့ သူ သွားလျှင် လွတ်လပ်ပြီ ဆိုသည့်အတွေး ဖျတ်ခနဲ ဝင်လာသည်။ သို့သော် ပြီးမှ စိုးရိမ်စိတ်တွေ ဝင်လာ

mgyoe.com

mgyoe.com  SAMPLE BOOK 

သည်။ မျက်နှာတွေ ပူထူသွားသည်။ သူ ဘာပြုလို့ စိုက်ကြည့်နေရတာလဲ။ အနေရ ကျပ်သွားပြီး မျက်နှာလွှဲလိုက်ရသည်။

ပြီးမှ တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် မေးလိုက်သည်။

"လိုလို့လား ဟင်"

"အစားဝင်မယ့် ဆရာဝန် မရှိဘူးလေ"

"ရှင်က ဆရာဝန်မှ မဟုတ်တာ"

"ဓာတ်ခွဲခန်းကို မလာခင် ကိုယ်က အမ်ဒီလေ၊ ဆေးရုံမှာ ဆေးကုခဲ့တာ အကြာကြီး၊ သုတေသနလုပ်ချင်လို့ လိုင်းပြောင်းလာတာ၊ ခု ဆေးသမား တယောက် အတွက် အသွားသင့်ဆုံးလေ၊ လုပ်စရာတွေ အများကြီး"

ပြောနေရင်း သရော်ဟန်ဖြင့် ကြည့်နေသည်။ ဘာ အဓိပ္ပာယ်ပါလိမ့်။ ဘာမှ နားမလည်။

"သိပ်အန္တရာယ် မများဘူးလား ဟင်"

"သိပ်များတာပေ့ါ"

သူက ပြုံးနေသည်။ ခပ်မဲ့မဲ့ သရော်ပြုံး။ ကစ်တီ နဖူးကို လက်နှင့် ဖိလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေတာနဲ့ ဘာထူးမှာလဲ။ ဘာလို့ သွားရမှာလဲ။ ကိုယ့်ကိုယ်ကိုယ် ရက်စက်လွန်းရာ ကျတာပေ့ါ။ သူ့ကို မချစ်တာ ငါ့အပြစ်လား။ ဒီအတွက် သူ့ကိုယ်သူ သတ်သေတာ၊ သူ့ကြောင့် သတ်သေတာမျိုး ကစ်တီ အဖြစ် မခံနိုင်ပါ။ ပါးပြင်ပေါ်ကို မျက်ရည်တွေ လိမ့်ဆင်းလာသည်။

"အလို... မင်းက ဘာအတွက် ငိုရတာလဲ"

သူ့အသံက အေးစက်စက်။

"ရှင့်ကို ဘယ်သူက အတင်းလွှတ်လို့လဲ"

"ဟင့်အင်း၊ ကိုယ့်သဘောနဲ့ ကိုယ် သွားတာ"

"မသွားပါနဲ့ ဝေါလ်တာရယ် နော်၊ တခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

သူ့မျက်နှာက တင်းမာနေဆဲ။ မျက်ဝန်းအစုံတွင် သရော်တော်တော် အရိပ်တွေ ဖြတ်ပြေးသွားသည်။ ဘာမှတော့ ပြန်မပြော။

"အဲဒီနေရာက ဘယ်နားမှာလဲ"

"မေတန်ဖူးလား၊ ဂေါယာမြစ်ရဲ့ မြစ်လက်တက် တခုပေါ်မှာ၊ ဂေါယာမြစ် ကို ဆန်တက်သွားပြီး တောင်ပေါ်ကို တို့ ထမ်းစင်နဲ့ တက်ရမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


"တို့ ဟုတ်လား၊ ဘယ်သူတွေလဲ"

" မင်းနဲ့ ကိုယ်ပေါ့"

သူ့ကို ကစ်တီ ဖျတ်ခနဲ လှမ်းကြည့်သည်။ စိတ်ထဲ နားကြားလွဲသည် ထင်လိုက်၏။ နက်မှောင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

"ရှင်နဲ့အတူ ကစ်တီ လိုက်မယ် ထင်နေသလား"

"လိုက်မယ် ထင်တာပေါ့"

ကစ်တီ ရင်တွေ ခုန်လာသည်။ ကျောထဲ စိမ့်လာသည်။

"အဲဒီနေရာက မိန်းမသွားသင့်တဲ့ နေရာမှ မဟုတ်တာ၊ သာသနာပြု အဖွဲ့က ပြန်လာတဲ့ အမျိုးသမီးတွေနဲ့ လက်ဖက်ရည်ပွဲ တခုမှာ ကစ်တီ တွေ့တယ်၊ အဲဒီဒေသအကြောင်း ပြောပြတယ်"

"သီလရှင်တွေ ကျန်ပါသေးတယ်"

ကစ်တီ အရမ်းကြောက်သွားသည်။

"ရှင် ဘာဆိုလိုတာလဲ ဝေါ်လ်တာ၊ ဘယ်လိုလုပ်ပြီး ကစ်တီ သွားနိုင်မှာလဲ၊ ကျွန်မ အကြမ်းပတမ်း ခံနိုင်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ဟောင်ကောင်ရဲ့ အပူဒဏ်ကို တောင့်မခံနိုင်ပါဘူးလို့ ဒေါက်တာဟေးဝဒ် ပြောတယ်၊ အဲဒီသွားရင် သေမှာပေါ့၊ ပူလွန်းလို့ ပြီးတော့ ဝမ်းရောဂါနဲ့ လူတွေ အတုံးအရုံး သေနေတဲ့ နေရာ၊ ဘာမှ လိုက်စရာအကြောင်း မရှိဘူး၊ သွားစရာ အကြောင်းမရှိဘူး"

သူ ငြိမ်သွားသည်။ သူ့ကို ကစ်တီ စိတ်ပျက်လက်ပျက် ကြည့်လိုက်သည်။ ငိုချင်စိတ်ကို မနည်း ထိန်းထားရ၏။ သူ့မျက်နှာ ညိုမှိုင်းနေပုံက ကြောက်စရာအတိ၊ မုန်းတီးစိတ်တွေ လွှမ်းနေသည့် မျက်နှာမျိုး။ သူ ငါ့ကို တမင် သေစေချင်နေတာလား။ ဖြစ်နိုင်ပါ့မလား။ မယုံကြည်နိုင်စွာဖြင့် ပြောချလိုက်သည်။

"လုံးဝ အဓိပ္ပာယ် မရှိဘူး၊ သွားဖို့ လိုအပ်တယ်လို့ ထင်ရင် ရှင့်ဘာသာ ရှင် သွားပေါ့၊ ဒါပေမဲ့ ကစ်တီ လိုက်မယ်လို့တော့ မမျှော်လင့်နဲ့၊ ဖျားတာ နာတာ လုံးဝမခံနိုင်ဘူး၊ကာလဝမ်းဆိုတာလား ဝေး၊သတ္တိကောင်းချင် ယောင်ဆောင်ပြီး မလိုက်နိုင်ပါဘူး၊ ဂျပန် သွားရမယ့် အချိန်အထိ ဒီမှာပဲ နေမယ်၊ ဘယ်မှ မသွားဘူး"

"ကိုယ့်စွန့်စားခန်း ခရီးကို မင်း လက်တွဲပြီး လိုက်မယ် ထင်နေတာ"

ခုတော့ ပြောင်ပြောင်တင်းတင်းပင် သရော်နေချေပြီ။ ကစ်တီ ခေါင်းရှုပ်လာသည်။ သူ တကယ်ပြောနေတာလား။ ငါ့ကို တမင် ခြောက်နေတာလား။

mgyoe.com